ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

(၃၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်**

**( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် )**

**[ ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးကဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၃၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း(၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၀)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ (၃၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးမြင့်ထွန်း၊ ပဲခူး(၁၀)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး၊ ဦးစိုးမြင့်၊ မကွေး(၆)၊ ငင်းအတိုင်း၊ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ငင်းအတိုင်း၊ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ငင်းအတိုင်း၊ ဦးဝင်းမောင်၊ မန္တလေး(၂)၊ ငင်းအတိုင်း၊ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ငင်းအတိုင်း၊ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ငင်းအတိုင်း၊ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ငင်းအတိုင်း၊ ဦးကျော်ထွန်းအောင်၊ ရခိုင်(၅)၊ ငင်းအတိုင်း၊ ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ ကျန်းမာရေး၊ ဗိုလ်မှူးမောင်မောင်၊ တပ်မတော်၊ ကျန်းမာရေး၊ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ကျန်းမာရေး၊ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမောင်မောင်အေး၊ ဧရာဝတီ(၁၁)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဦးဟာရှိန်းဘွေ၊ ချင်း(၈)၊ ကျန်းမာရေး၊ ဦးဇော်မြင့်ဖေ၊ မန္တလေး(၅)၊ ကျန်းမာရေး၊ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး၊ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင် ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၏ (ဆန်စပါးမဟုတ်သော) စိုက်ပျိုးသီးနှံ ထုတ်လုပ်ရေးကို တိုးမြှင့်ရန် စီမံကိန်းရေးဆွဲထားခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ် က ရခိုင်ပြည်နယ်၏ (ဆန်စပါးမဟုတ်သော) စိုက်ပျိုးသီးနှံ ထုတ်လုပ်ရေးကို တိုးမြှင့်ရန် စီမံကိန်းရေးဆွဲထားခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ကျွန်တော် ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ဒီ ရခိုင်ပြည်နယ်ရဲ့ (ဆန်စပါးမဟုတ်သော) စိုက်ပျိုးသီးနှံ ထုတ်လုပ်ရေးကို တိုးမြှင့်ရန် စီမံကိန်းရေးဆွဲထားခြင်း ရှိ/မရှိ ဆိုတာဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ ဆင်းရဲနွမ်းပါးမှုရာခိုင်နှုန်းများတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒီဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းလုပ်ဖို့ လိုအပ်မှုအများဆုံးရှိနေတဲ့ ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးဆိုရာမှာ ပညာရေးဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးဖွံ့ဖြိုးရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ SME လုပ်ငန်းများဖွံ့ဖြိုးရေးစသည်ဖြင့် အမျိုးမျိုးရှိတာမှာ ဒီဖွံ့ဖြိုးရေးအားလုံးရဲ့ မိခင်ကတော့ စီးပွားရေး Development စီးပွားရေးဖွံ့ဖြိုးရေးပဲ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ အဓိက စီးပွားရေးကတော့ ဒီ ဆန်စပါးစီးပွားရေးဖြစ်ပါတယ်။ ဒုတိယစီးပွားရေးကတော့ ပင်လယ်ငါးဖမ်းလုပ်ငန်း ဖြစ်ပါတယ်။ တတိယစီးပွားရေးကတော့ ဒီဆန်စပါးမဟုတ်တဲ့ တခြားသီးနှံများ ကြံတို့၊ သရက်သီးတို့၊ ကွမ်းသီးတို့ အဲဒီလို ပစ္စည်းမျိုးတွေ ဖြစ်ပါတယ်။

ရခိုင်ဒေသ ထွက်ကုန်ဖြစ်တဲ့ ဒညင်းသီးကို ပြည်မနဲ့ ဘင်္ဂလားနယ်စပ်သို့ ပို့ပါတယ်။ သရက်သီးကို ဘင်္ဂလားဒေ့ရှ် ကို ပို့ပါတယ်။ ကျွဲကော၊ ရှောက်ချိုသီးများကို ပြည်မသို့ ပို့ပါတယ်။ ကွမ်းနဲ့ ကွမ်းသီးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကို ပို့ပါတယ်။ ငရုတ်ကောင်းစေ့ကို ဘင်္ဂလားဒေ့ရှ် နဲ့ ပြည်မဘက်ကိုပို့ပါတယ်။ သီဟိုဠ်စေ့ကို ပြည်မဘက်ကို ပို့ပါတယ်။ သို့သော်လည်း ဒီဟာတွေဟာ စနစ်တကျနဲ့ လူတိုင်း ပြုလုပ်တဲ့လုပ်ငန်း မဟုတ်ပါဘူး။ တစ်ပိုင်တစ်နိုင်သာ လုပ်တဲ့လုပ်ငန်းတွေဖြစ်တဲ့အတွက် အကျိုးရှိသင့်သလောက် မရှိဖြစ်နေပါတယ်။ နောက်ပြီးတော့ ဒီကုန်တွေကို ကုန်ထုတ်တိုးပြီးတော့ တန်ဖိုးမြှင့်ဖို့အတွက် ဒီ Value added လုပ်ရန်လည်း လိုအပ်ပါတယ်။ ရခိုင်ပြည်နယ်များအတွက် လက်ရှိဈေးကွက် (၂) ခု ရှိပါတယ်။ ပြည်မဘက်ဈေးကွက်နဲ့ ဘင်္ဂလားဒေ့ရှ် ဈေးကွက်ဖြစ်ပါတယ်။ နောင်ဆိုရင် ပလက်ဝမြို့နယ်ကတစ်ဆင့် လူဦးရေသန်း(၆၀) ရှိတဲ့ အိန္ဒိယဈေးကွက် ရှိလာပါမယ်။

လူဦးရေ သန်း(၁၈၀)လောက်ရှိတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုရင် သစ်သီးဝလံတွေဟာ အလွန်စားသုံးတဲ့ လူမျိုးဖြစ်ပါတယ်။ အထူးသဖြင့် ဒီသရက်သီးနဲ့ သရက်သီးဖျော်ရည်ကို သောက်သုံးကြပါတယ်။ အဲဒီနိုင်ငံဟာ စိုက်ပျိုးရေးမြေ ချို့တဲ့တဲ့အတွက် သစ်သီးနဲ့ ဟင်းသီးဟင်းရွက်တွေကို အိန္ဒိယကနေပြီးတော့ အဓိက ယူသွင်းပါတယ်။ ရခိုင်က ငှက်ပျောသီးကို ကုန်ကြမ်းအဖြစ် ယူပါတယ်။ ရခိုင်က သရက်သီးတွေကို ကုန်ကြမ်းအဖြစ် ဘင်္ဂလားဒေ့ရှ် ကို ပို့ပါတယ်။ အဲဒီနိုင်ငံက ပြန်ပြီးတော့ သရက်သီးဖျော်ရည်တွေကို ကုန်ချောအဖြစ် ရခိုင်ဘက်ကို သွင်းလာပါတယ်။ ဒါကြောင့် တန်ဖိုးမြှင့်ကုန်နဲ့အညီ သွင်းကုန်အစားထိုးကုန်အဖြစ် ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ သစ်သီးစက်ရုံတွေ

တည်ဆောက်ဖို့ လိုအပ်လာပါတယ်။ ကျောက်တော်မြို့မှာဆိုရင် သကြားစက်ရုံ တစ်ရုံ ရှိပါတယ်။ စိုက်ပျိုးရေး အ.ထ.က ကျောင်းတစ်ကျောင်းလည်း ဟိုတုန်းက ရှိခဲ့ပါတယ်။ အခုကတော့ အဲဒီ စိုက်ပျိုးရေးကျောင်းကလည်း ပိတ်ထားပါတယ်။ သကြားစက်ရုံကလည်း လည်ပတ်မှုမရှိပါဘူး။ ရခိုင်ပြည်နယ်က စားသုံးတဲ့ သကြားတွေဆိုရင် ပြည်မဘက်က မှာယူပြီးတော့ စားသုံးရပါတယ်။ ရိုးမတောင်တစ်ဖက်ကို ကျော်ပြီးတော့ မှာယူရတဲ့အတွက် ကုန်ဈေးနှုန်းတွေ အလွန်ကြီးပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုရင်လည်း သကြားလိုအပ်ချက် အမြဲရှိနေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒီကနေ့အထိ မြန်မာနိုင်ငံက သကြားတွေကို စစ်တွေ- မောင်တောလမ်း တစ်လျှောက်ကတစ်ဆင့် သွင်းယူနေပါ တယ်။ ကျောက်တော်မှာ သကြားစက်ရုံ တည်ထောင်စက အဲဒီစက်ရုံက ကြိတ်ဝါးလို့ မနိုင်လောက် အောင် ကြံပင်တွေ အများကြီး စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ထွက်လာတဲ့ ကြံပင်တွေကို အဲဒီစက်ရုံက မဝယ်တဲ့အတွက် အဲဒီကြံစိုက်ပျိုးရေးလုပ်ငန်းနဲ့ စက်ရုံကလည်း ထိခိုက်ပျက်စီးသွားပါတယ်။ ရခိုင် ပြည်နယ်မှာ မြစ်ချောင်းပေါင်းများစွာရှိပါတယ်။ အဲဒီမြစ်ချောင်းတွေရဲ့ မြေနုကမ်းတွေမှာ ကြံပင်တွေ ကို စိုက်ပျိုးလို့ရပါတယ်။ အခုကတော့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးပြီးတော့ ကြံသကာတွေ ထုတ်လုပ် လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စပါးမှအပ တခြားစိုက်ပျိုးသီးနှံများ ထုတ်လုပ်ရေးဆိုတာ ရခိုင်ပြည်နယ် မှာရှိတဲ့ ရခိုင်လူထု သိန်းပေါင်းများစွာ မှီခိုနေတဲ့ တတိယစီးပွားရေးလုပ်ငန်းဖြစ်ပါတယ်။ အဲဒီလုပ်ငန်း ကို ဖွံ့ဖြိုးဖို့အတွက်ဆိုရင် စိုက်ပျိုးရေးနည်းပညာ၊ ကုန်ချောထုတ်လုပ်မှုနည်းပညာ ပံ့ပိုးခြင်း၊ မျိုးကောင်းများ ဖြန့်ဖြူးခြင်း၊ မြေယာ ပိုင်ဆိုင်မှုတွေကို ခိုင်မာအောင်လုပ်ပေးခြင်း၊ ဘဏ်အတိုးနှုန်း သက်သာတဲ့ ငွေတွေကို ထုတ်ချေးပေးခြင်း၊ အအေးခန်းပါသော ကား၊ မော်တော်ဘုတ်နှင့် သိုလှောင်ရုံများ၊ သစ်သီးထုပ်ပိုးတဲ့စက်ရုံများ တည်ဆောက်ပေးခြင်း၊ နိုင်ငံခြားပို့ကုန်အဖြစ် ဦးတည် ထုတ်လုပ်ခြင်း၊ စီမံကိန်း သီးနှံခြံများအဖြစ် သတ်မှတ်ကာ တွန်းအားပေးစိုက်ပျိုးခြင်း၊ ထွက်လာတဲ့ ကောက်ပဲသီးနှံ၊ စိုက်ပျိုးသီးနှံတွေကို အာမခံပေးခြင်းတို့ကို လုပ်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ လျှပ်စစ်ဓာတ်အားကို အခြေပြုတဲ့ စီးပွားရေးရှိတဲ့ ပြည်နယ်မဟုတ်ပါဘူး။ စက်မှုအခြေပြုစီးပွားရေး ရှိတဲ့ ပြည်နယ်မဟုတ်တဲ့အတွက် ဒီစိုက်ပျိုးရေးကိုပဲ အဓိက အားပေးသင့် ပါတယ်။ လောလောဆယ် ဒီရခိုင်ပြည်နယ်မှာ အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းတို့၊ တံတားတို့၊ လျှပ်စစ်မီး တို့အကောင်အထည်ဖော်နေပါတယ်။ အဲဒီအပိုင်းမှာ အများကြီး တိုးတက်နိုင်ပါတယ်။ ဒါပေမဲ့ ကုန်ထုတ်လုပ်ငန်း အပိုင်းမှာကျတော့ နှေးကွေးနေပါတယ်။ စိုက်ပျိုးသီးနှံ ထုတ်လုပ်ရေးဆိုတာ ဒီ ရခိုင်ပြည်နယ်မှာ အခြေခိုင်မာပြီးတော့ ရေရှည်တည်တံ့ခဲ့တဲ့ ဒီအစဉ်အလာ ထုံးစံအရ ရခိုင်လူမျိုးတွေ စားသောက်မှီခိုတဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။

နိုင်ငံတော်ကချပေးတဲ့ ကျေးလက်ဖွံ့ဖြိုးရေး One Village, One Product စီမံကိန်းတို့၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမူဝါဒတို့နဲ့လည်း ကိုက်ညီနေတဲ့အတွက် ဒီရခိုင်ပြည်နယ်က (ဆန်စပါး မဟုတ်တဲ့) အခြားသီးနှံများ ထုတ်လုပ်ရေးကို နိုင်ငံတော်အစိုးရက အထူးတာဝန်ယူ လုပ်ဆောင် ပေးသင့်တဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒီမေးခွန်းကို မေးပေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ရခိုင်ပြည်နယ် အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်း အပေါ်မှာ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးကိုယ်စား ကျွန်တော်က ဖြေကြား သွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ဟာ စပါးကို အဓိကထား၍ စိုက်ပျိုးထုတ်လုပ်တဲ့ ပြည်နယ်တစ်ခု ဖြစ်သော်လည်းပဲ အခြားသီးနှံများဖြစ်တဲ့ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ တို့ကိုပါ တိုးတက် ထုတ်လုပ်နိုင်ရန် စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါတယ်။

(ဆန်စပါးမဟုတ်သော) သီးနှံများ စိုက်ပျိုးမှုကို ရာသီသီးနှံနဲ့ နှစ်ရှည်သီးနှံ၊ ဥယျာဉ်ခြံသီးနှံ ဟူ၍(၂)မျိုး ခွဲခြားစိုက်ပျိုးပါတယ်။ ရာသီသီးနှံများဖြစ်တဲ့ မတ်ပဲ၊ ဆောင်းမြေပဲ၊ ငရုတ်တို့ဟာ ပြည်တွင်း/ပြည်ပဈေးကွက်ရှိသဖြင့် ရခိုင်ပြည်နယ်အတွက် ဦးစားပေးစိုက်ပျိုးရန် လျာထားဆောင်ရွက် လျက်ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ မတ်ပဲသီးနှံကို စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား မြို့နယ်များမှာ မိုးစပါး မရိတ်သိမ်းမီ ရေလိုက်ကြဲစနစ်ဖြင့် စိုက်ပျိုးရန်နဲ့ မိုးစပါးအပြီး ခုတ်ဖုံးစနစ်ဖြင့် စိုက်ပျိုးရန် မျိုးတင်းပေါင်း(၄၃၈၂)တင်းကို ရန်ကုန်တိုင်းဒေသကြီးနဲ့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမျိုးသန့်ခြံတို့မှ မှာယူရောက်ရှိနေပြီဖြစ်ပါတယ်။ ဆောင်းမြေပဲ သီးနှံဟာ ရခိုင်ပြည်နယ်ရဲ့ ဆီဖူလုံမှုကို အဓိက အထောက်အပံ့ပေးနိုင်တဲ့ သီးနှံဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ စိုက်ပျိုးတဲ့ မြေပဲသီးနှံဟာ လွန်ခဲ့တဲ့နှစ်ပေါင်း လေးငါးဆယ်က စိုက်ပျိုးခဲ့တဲ့ မျိုးများ ဖြစ်သဖြင့် ဆီထွက်နှုန်းမှာ တစ်တင်းမှာ (၂.၅)ပိဿာခန့်သာ ထွက်ရှိပြီး၊ တစ်ဧကအထွက်နှုန်း မှာလည်း အလွန် နည်းပါးလျက်ရှိပါတယ်။ သို့ဖြစ်၍ မြေပဲတစ်တင်းမှာ ဆီလေးငါးပိဿာထွက်တဲ့၊ တစ်ဧကအထွက်နှုန်း တင်း(၁၀၀)လောက်ထွက်နိုင်တဲ့ ဆင်းပဒေသာ(၁၁)မျိုးသစ်ကို ယခုနှစ်မှစပြီး ကျောက်တော်မြို့နယ်မှာ တင်း(၃၀၀) မျိုးပွားနိုင်အောင် စိုက်ပျိုးဆောင်ရွက်ထားလျက်ရှိပါတယ်။

တစ်ဧကအထွက်နှုန်းနဲ့ ဆီထွက်နှုန်းကောင်းမွန်တဲ့ စပ်မျိုးနေကြာကိုလည်းပဲ စမ်းသပ် စိုက်ပျိုးသွားမှာဖြစ်ပြီးတော့ ငရုတ်သီးနှံမှာ ရခိုင်ပြည်နယ်အတွက် မရှိမဖြစ် စားသုံးသီးနှံဖြစ်တဲ့အပြင် ပြည်ပသို့တင်ပို့တဲ့ သီးနှံဖြစ်သဖြင့် မျိုးကောင်းမျိုးသန့်များတင်သွင်းခြင်း၊ တိုးချဲ့စိုက်ပျိုးခြင်းတို့ကို ယခုနှစ်မှစပြီး စစ်တွေမြို့နယ်၊ ခုတင်ပိုက် ဟင်းသီးဟင်းရွက်ဇုန်၊ ပုဏ္ဏားကျွန်းမြို့နယ် ပက်ခွက်ဆိပ် ဟင်းသီးဟင်းရွက်ဇုန်နဲ့ သံတွဲမြို့နယ် နန်းချောင်း ဟင်းသီးဟင်းရွက်ဇုန်များမှာ စိုက်ပျိုးရန် စီစဉ်ထားရှိ ပြီးတော့ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ FAO အဖွဲ့အစည်းနဲ့ ပူးပေါင်းပြီးတော့ တစ်ပိုင်တစ်နိုင် စိုက်ပျိုးသော ကျေးရွာများကိုလည်း ဟင်းသီးဟင်းရွက်နဲ့ ငရုတ် မျိုးကောင်းမျိုးသန့်

များကို ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ နှစ်ရှည်သီးနှံမှာ ရခိုင်ပြည်နယ်အတွက် အဓိကဝင်ငွေရရှိတဲ့ သရက်၊ ဒညင်း၊ ကွမ်းသီး တို့ကို တိုးချဲ့စိုက်ပျိုးခြင်း၊ ခြံများထူထောင်ခြင်း၊ မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးခြင်းတို့ကို ပုဂ္ဂလိက လုပ်ငန်းရှင်များနဲ့ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း သိပ္ပံနည်းကျစိုက်ပျိုးနည်းပညာ တောင်သူများ လက်ဝယ်သို့ ရောက်ရှိအသုံး ပြုနိုင်စေရန်အတွက် ရခိုင်ပြည်နယ်အတွင်း ပညာပေးသင်တန်း(၈၃၄)ကြိမ် ဖွင့်လှစ် ပို့ချပြီး ယနေ့အထိ ပညာပေးသင်တန်း(၂၁၆၃)ကြိမ်၊ တက်ရောက်သူဝန်ထမ်းပေါင်း(၂၇၅)ဦးနဲ့ တောင်သူ ပေါင်း(၇၂၃၆၉)ဦးတို့ ပညာပေးပို့ချနိုင်ခဲ့ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးရေးနဲ့ ကျေးလက်နေ ပြည်သူများ ဆင်းရဲနွမ်းပါးမှုလျော့ချရေးအတွက် ၂၀၁၄-၂၀၁၅ ခုနှစ်၊ နွေဝင်ဘာလ၊ ဒီဇင်ဘာလများမှာ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်ခြင်း၊ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းစေခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖြစ်တဲ့ ထုပ်ပိုးခြင်း၊ ဈေးကွက် တင်ပို့ခြင်း၊ နည်းပညာသင်တန်းများကို စစ်တွေ၊ ပုဏ္ဏားကျွန်း၊ သံတွဲမြို့နယ်မှာလည်းကောင်း၊ အလုပ်ရုံဆွေးနွေးပွဲများကို နိုဝင်ဘာလမှာ စစ်တွေနဲ့ ဒီဇင်ဘာလမှာ သံတွဲမြို့တွင် လည်းကောင်း FAO နဲ့ပူးပေါင်းပြီး ပြုလုပ်ရန် စီစဉ်ထားရှိပြီးဖြစ်ပါတယ်။

ရခိုင်ပြည်နယ်ဟာ ၂၀၁၃-၂၀၁၄ ခုနှစ် စိုက်ပျိုးရာသီအတွက် သီးနှံစုစုပေါင်း စိုက်ဧက (၁၅၇၃၆၅၇)ဧက စိုက်ပျိုးထုတ်လုပ်ခဲ့တဲ့အနက် ပြောင်း၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်း၊ ပဲမျိုးစုံ၊ စားဖိုဆောင် ဟင်းသီးဟင်းရွက်၊ ကွမ်းသီး၊ ကွမ်းရွက်၊ အုန်း စတဲ့ အခြားသီးနှံများကို (၄၄၄၉၂၅)ဧက မနှစ်က စိုက်ပျိုးခဲ့ပါတယ်။ ဒီနှစ် ၂၀၁၄-၂၀၁၅ စိုက်ပျိုးရာသီမှာ သီးနှံ စုစုပေါင်းဧက တစ်သန်းခြောက်သိန်းကျော် စိုက်ပျိုးထုတ်လုပ်ရန် လျာထားဆောင်ရွက်လျက် ရှိတဲ့အနက် အခြားသီးနှံ(၅၂၁၄၈၇)စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ စပါးသီးနှံမှအပ အခြားသီးနှံ အနေဖြင့် ဒီနှစ်မှာ မနှစ်ကထက်စာရင် (၇၆၅၆၀)ဧက ပိုမိုစိုက်ပျိုးရန် လျာထား ဆောင်ရွက်လျက် ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်(၁၇)မြို့နယ်မှ ပထမဦးစားပေး အဆင့် အနေနဲ့ ၁၇-၁၁-၂၀၁၄ အထိ တောင်သူပေါင်း(၁၁၀၄၀၉ )ဦးအား ပုံစံ(၇) လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်များကို ထုတ်ပေးပြီး ဖြစ်တဲ့အတွက် (၉၇)ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဆက်လက်ပြီးထုတ်ပေးလျက်ရှိပါတယ်။ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ တိုးချဲ့စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး စပါး(၄၆၈၄)ဧက၊ ပုဇွန်မွေးမြူရေး ဧရိယာ(၆၃၄၅)ဧကနဲ့ နှစ်ရှည်သီးနှံ စိုက်ပျိုးဧရိယာ (၉၄၄၇)ဧက စုစုပေါင်း(၂၄၀၀၀)ဧကအား အကောင် အထည်ဖော် စိုက်ပျိုးခဲ့ပြီး ဖြစ်ပါတယ်။

စိုက်ပျိုးထွက်ကုန်များကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်နည်းပညာကို ပညာရှင်များ၊ လက်တွေ့ဆောင်ရွက်နေသောကုမ္ပဏီများ၊ လုပ်ငန်းရှင်များကို ဖိတ်ကြားပြီး ၂၀၁၄-၂၀၁၅ ခုနှစ်မှ ၂၀၁၈-၂၀၁၉ ခုနှစ်အထိ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ မဟာဗျူဟာ ရေရှည်စီမံကိန်းကို သက်ဆိုင်ရာပြည်နယ်အစိုးရနဲ့ ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါ ကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမယ့် မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**သက်မွေးဝမ်းကျောင်း တက္ကသိုလ် တက်ရောက်ရန် ရည်ရွယ်ချက်မရှိသည့် တက္ကသိုလ်ဝင်တန်း ဖြေဆိုသူများ အောင်ချက်ရာခိုင်နှုန်း မြင့်မားစေရန်အတွက် စာမေးပွဲတွင် ကျရှုံးခဲ့သည့် ဘာသာရပ်ကိုသာ ပြန်လည်ဖြေဆိုခွင့် ပြုပြီး အောင်မြင်ပါက တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် ထုတ်ပေးသည့်စနစ် ကျင့်သုံးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က သက်မွေးဝမ်းကျောင်း တက္ကသိုလ် တက်ရောက်ရန် ရည်ရွယ်ချက်မရှိသည့် တက္ကသိုလ်ဝင်တန်း ဖြေဆိုသူများ အောင်ချက်ရာခိုင်နှုန်း မြင့်မားစေရန်အတွက် စာမေးပွဲတွင် ကျရှုံးခဲ့သည့် ဘာသာရပ်ကိုသာ ပြန်လည်ဖြေဆိုခွင့်ပြုပြီး အောင်မြင်ပါက တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် ထုတ်ပေးသည့်စနစ် ကျင့်သုံးနိုင်ရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ တက္ကသိုလ်ဝင်တန်းဖြေနေတဲ့ ကျောင်းသားတွေကို အုပ်စုခွဲ ကြည့်မယ်ဆိုရင် အဓိကကအုပ်စုနှစ်ခုတွေ့ရမှာ ဖြစ်ပါတယ်။ ပထမအုပ်စုကတော့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တွေ ဆိုတဲ့ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်တို့ စတဲ့ တက္ကသိုလ်တွေကို ဝင်ခွင့်ရရန်အတွက် အမှတ်ပေါင်း အမြင့်ကြီး ရအောင် အမှတ်ပေါင်းစုစုပေါင်း (၅၀၀)ကျော် လောက်ထိရအောင် သဲကြီးမဲကြီးကြိုးစားနေကြတဲ့ ကျောင်းသားအုပ်စု ဖြစ်ပါတယ်။ ဒုတိယအုပ်စုကတော့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တက်ဖို့ ရည်ရွယ်ချက်မရှိဘူး လုပ်နိုင်တဲ့ အင်အားနဲ့ နောက်ခံကျောင်းလည်း မရှိတဲ့ကျောင်းသားတွေပါ အများစုတွေပါ။ သူတို့ကတော့ သာမာန်အောင်ရုံနဲ့ သက်ဆိုင်ရာတက္ကသိုလ်တခုခုကို တက်ပြီးလို့ရရှိရင် ဘဝရှေ့ရေးကို ဆက်မယ့် ကျောင်းသားတွေပါ ကျွန်တော်တို့မြန်မာနိုင်ငံမှာ (၁၀) တန်းစာမေးပွဲတွေကို တက္ကသိုလ်ဝင်တန်းတွေ စစ်တဲ့အခါမှာ အောင်ချက်ရာခိုင်နှုန်းဟာ (၃၀) ရခိုင်နှုန်းလောက်ပဲရှိပါတယ်။

ဒါကြောင့် (၇၀)ရာခိုင်နှုန်းလောက်က ကျတဲ့သဘောပါပဲ၊ တစ်နှစ် တစ်နှစ်ကို ဖြေနေတဲ့ ကျောင်းသားပေါင်း (၆) သိန်းဝန်းကျင်လောက် ရှိတဲ့အတွက် တစ်နှစ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အခြေခံပညာကို ကျနေတဲ့ ကျောင်းသားက (၄)သိန်းလောက် ကျနေတဲ့သဘော အခြေအနေဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံပညာမှာဆိုတာမျိုးက ကျွန်တော်တို့ဘဝကို အဆုံးအဖြတ် ပေးတဲ့ ပညာမဟုတ်ပါဘူး။ သူ့ရဲ့ဘဝခြေလှမ်းတွေကို တစ်ဆင့်မြင့်သွားဖို့အတွက်ကို သူ့ကိုအခြေခံ ပေးတဲ့ ပညာပဲ ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံပညာမှာသင်နေတဲ့ ဘာသာရပ်တွေကို ကြည့်မယ်ဆိုလို့ရှိရင် သီးခြားစီဖြစ်နေတဲ့သဘော ရှိပါတယ်။ ဥပမာအားဖြင့် မြန်မာစာ၊ အင်္ဂလိပ်စာ သင်္ချာဟာ ဆိုလို့ရှိရင် ကျွန်တော် ဥပမာအားဖြင့် တင်ပြရမယ်ဆိုရင် မြန်မာစာပညာရှင်ကြီးဖြစ်တဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဟာ အင်္ဂလိပ်စာကို ကျွန်ပညာလို့ သတ်မှတ်ခဲ့တဲ့အတွက် သူက အင်္ဂလိပ်စာကို လုံးဝ သင်ကြားခဲ့ခြင်း

မရှိပါဘူး။ သူက မြန်မာစာမှာသာ တဖက်ကမ်းခတ် တော်တာ ဖြစ်ပါတယ်။ ဒီလိုပါပဲ သူနဲ့ ခေတ်ပြိုင်ဖြစ်တဲ့ အင်္ဂလိပ်ခေတ်က ဗြိတိသျှကိုလိုနီကြီးတွေ ကျွန်တော်တို့ မြန်မာနိုင်ငံကို လာ အုပ်ချုပ်တယ်။ နှစ်ပေါင်းများစွာ နေပေမယ့်လည်း မြန်မာစာတတ်မသွားပါဘူး။ အဲဒီထဲမှာ မှတ်တမ်း များအရ ကြည့်ရင် တချို့အင်္ဂလိပ်ကြီးတွေက မောင်မင်း လူကလေး ရေချမ်းချမ်း တစ်ခွက်ပေးပါ။ ဒီလောက်အဆင့်ထိပဲ ရောက်သွားတာ ဖြစ်ပါတယ်။ ဆိုတဲ့သဘောက မြန်မာစာနဲ့ အင်္ဂလိပ်စာက သီးခြားစီနေတဲ့သဘော ဆိုတာ တင်ပြသွားတာ၊ နောက်တခုကတော့ အခြေခံပညာမှာ သင်နေတဲ့ သင်္ချာပညာဆိုတာ ဟိုလွန်ခဲ့တဲ့ နှစ်ပါင်း ထောင်ပေါင်းများစွာက သင်္ချာ အယူအဆတွေပါ။

ဥပမာအားဖြင့် ပြောမယ်ဆိုလို့ရှိရင် ပိုက်သာဂိုရ ဆိုတဲ့ ပညာရှင်ဟာ လွန်ခဲ့တဲ့ နှစ်ပါင်း (၄၀၀၀)လောက်က ပညာပါ။ သူ့ခေတ်က မြန်မာစာ အင်္ဂလိပ်စာတောင် မပေါ်သေးပါဘူး။ သူသိတဲ့ သင်္ချာပညာကို သူတို့ခေတ်က စကားနဲ့သာ သူက သီအိုရီ ဖော်ထုတ်ခဲ့တာ နောက်ပိုင်း အင်္ဂလိပ်ကို မြန်မာလို သင်နေရတဲ့ သဘောပါပဲ ဒီလိုပဲ အလားတူပေ့ါနော်၊ ကျွန်တော်တို့သမိုင်းမှာဆို သမိုင်း ဘာသာရပ်မှာ ကြည့်မယ်ဆိုလို့ရှိရင် ကုန်းဘောင်မင်းဆက် အကြောင်းတွေ၊ ဗိုလ်ချုပ်အောင်ဆန်း ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းတွေနဲ့ ကျွန်တော်တို့ ရူပဗေဒ ပညာဘာသာရပ်မှာရှိတဲ့ Atomic Power တွေ၊ လျှပ်စစ်သံလိုက်လှိုင်း Electromagnetic Wave ဆိုတာလည်း သီးခြားစီ ဖြစ်ပါတယ်။ ဒါကြောင့် အခြေခံပညာဆိုတာ ဘာသာရပ်တွေက တစ်ခုနဲ့တစ်ခုသီးခြားစီဖြစ်နေတယ် ဆိုတာ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

ဒါပေမဲ့ အခု လက်ရှိစစ်နေတဲ့ စာမေးပွဲစနစ်မှာတော့ စုစုပေါင်း အမှတ်ပေါင်းကို စဉ်းစားဆုံးဖြတ်ရတယ်။ အသက်မွေးဝမ်းကျောင်း တက္ကသိုလ် တက်ရောက်ခွင့် ရှိတဲ့ ကျောင်းသားတွေ အတွက်ကတော့ လက်ရှိစနစ်ကို ကျွန်တော်က ထောက်ခံပါတယ်။ ဒါကလည်း မျှတတဲ့ အခြေအနေ တစ်ခု ဖြစ်ပါတယ်။ ဒါပေမဲ့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ် တက်ရောက်ခွင့် မရှိတဲ့ ဒုတိယအုပ်စု ကျောင်းသားတွေအတွက်ကတော့ ကျဆုံးတဲ့ ဘာသာရပ်ကိုသာ သီးခြားဖြေဆို ခွင့်ပြုပြီး အောင်မြင် ပါက အောင်လက်မှတ် ထုတ်ပေးရေးစနစ်ကို ကျွန်တော်က တောင်းဆိုတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တက္ကသိုလ်ဝင် စာမေးပွဲကို ပေါပေါလောလောကြီး အောင်ချက်ပေးဖို့ တောင်းနေတာ မဟုတ်ပါဘူး။ ဖြေဆိုပြီးသားဘာသာရပ်ကို ပြန်လည်ဖြေဆိုခွင့် မပြုရေး အချက်ဆိုတာ လည်း ဒါ Logic နည်းအရလည်း မှန်ပါတယ်။ အဲဒါကို တင်ပြခြင်း ဖြစ်ပါတယ်။ အခြေခံပညာမှာ ဆိုလို့ရှိ ရင် အဓိက အောင်ချက်မြင့်ဖို့ဆိုတာ ဆရာကျောင်းသားနဲ့ စာမေးပွဲစနစ်တွေ ကောင်းမှ ကျွန်တော်တို့ အောင်ချက်ပြည့်မှာပါ။ ဆရာဘက်တွေ၊ ကျောင်းသားဘက်တွေက ချို့ယွင်းချက်တွေ ရှိမယ်ဆိုတာ လက်ခံပါတယ်။ ကျွန်တော်တို့ လွှတ်တော်ဘက်နဲ့ အစိုးရဘက်က ပြုပြင်လို့ရတာ စာမေးပွဲစနစ်ပါ။ ဒီ စာမေးပွဲစနစ်ကို ကျွန်တော်တို့က ပြုပြင်ခြင်းအားဖြင့် အကြိမ်အကြိမ် အခါခါ ဖြေနေတဲ့ ကျောင်းသားတွေ၊ မိဘတွေ အနာဂတ် ပညာရေးအတွက် အကျိုးရှိမယ်ထင်တဲ့အတွက် တင်ပြ တောင်းခံရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**မြောက်ဦးမြို့နယ်၊ နကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် လိုအပ်နေသော ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် က မြောက်ဦးမြို့နယ်၊ နကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် လိုအပ်နေသော ကျောင်း ဆောင်သစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီး၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကော်မရှင် အဖွဲ့ဝင်များတို့ကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော် မေးထားတဲ့ မေးခွန်းကတော့ မြောက်ဦးမြို့နယ်၊ နကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် လိုအပ်နေသော ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။ မေးခွန်းနဲ့ပတ်သက်လို့ နည်းနည်းဆွေးနွေး ပေးပါမယ်။ မြောက်ဦးမြို့နယ်၊ နကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ကျောင်းသား/ကျောင်းသူ အင်အားမှာ မူလတန်းအဆင့်(၂၂၉)ဦး ရှိပါတယ်။ အလယ်တန်းအဆင့် (၂၇၅)ဦး ရှိပါတယ်။ စုစုပေါင်း (၅၂၄)ဦး ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိကျောင်းဆောင်မှာ ကျောင်းသားဦးရေ မဆံ့တဲ့အတွက်ကြောင့် နှစ်သုတ်တက်စနစ်ကို ကျင့်သုံး နေရပါတယ်။ တစ်သုတ် တက်စနစ် ဖြစ်လာနိုင်ဖို့အတွက် ကျောင်းဆောင်သစ် တိုးချဲ့ဆောက်လုပ်ပေးရန် လိုအပ်လျက် ရှိပါတယ်။

ကျွန်တော်တို့ လွှတ်တော် အစောပိုင်းကာလက သဘင်ဆောင်မှာ ပညာရေးဝန်ကြီးက အခြေခံပညာကျောင်းများရဲ့ စီမံချက်တွေကို ရှင်းပြခဲ့ပါတယ်။ အဲဒီမှာ နှစ်သုတ်တက်ကျောင်းများကို တစ်သုတ်တက်ကျောင်းများ ဖြစ်မြောက်ရေးစီမံချက်တစ်ခုလည်း ပါဝင်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြောက်ဦးမြို့နယ် နကန်ကျေးရွာမှာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကို တစ်သုတ်တက်ကျောင်း ဖြစ်လာနိုင်ဖို့အတွက် နောက်ထပ် လိုအပ်နေတဲ့ ကျောင်းဆောင်သစ်ကို တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစား စွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ တနင်္သာရီ တိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံး လက်အောက်ရှိ တိုင်း/ခရိုင်/ မြို့နယ်ရုံးများနှင့် ကျောင်းများတွင် ခန့်အပ်ထားသော နေ့စား လပေး အောက်ခြေဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့် က အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ တနင်္သာရီ တိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံး လက်အောက်ရှိ တိုင်း/ခရိုင်/မြို့နယ်ရုံးများနှင့် ကျောင်းများတွင် ခန့်အပ်ထားသော နေ့စား လပေး အောက်ခြေဝန်ထမ်း များအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဦးတင်မောင်မြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများနှင့် ဧည့်သည်တော်အပေါင်း မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမှတ်(၁)အခြေခံပညာဦးစီးဌာန၊ တနင်္သာရီ တိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံး လက်အောက်ရှိ တိုင်း/ခရိုင်/မြို့နယ်ရုံးများနှင့် ကျောင်းများမှာ ခန့်အပ်ထားတဲ့ နေ့စား လပေး အောက်ခြေရုံးဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော်ဟာ အောက်တိုဘာလ ၁ ရက်နေ့ကတည်းက မေးထားတဲ့ မေးခွန်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ နိုဝင်ဘာလ ၁ ရက်နေ့မှာ ခန့်ထားပြီးဖြစ်ကြောင်းကို သိရှိရတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးရဲ့ ဖြေကြားချက်ကို ခံစားနားဆင်လိုတဲ့ အတွက်ကြောင့် ဒီမေးခွန်းကို ကျွန်တော် ဆက်လက်ပြီးတော့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒီနေ့ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အေးချမ်းသာယာရေး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်လျှောက်လှမ်းနေပြီ ဖြစ်ပါတယ်။ ကျန်းမာကြံ့ခိုင်၍ ပညာရည် မြင့်မားသော လူသားအရင်းအမြစ်များ အထူးလိုအပ်လျက်ရှိရာ ပညာရှင် လူသားများ မွေးထုတ်ပေးနိုင်ရန်အတွက် နိုင်ငံတော်မှ ပညာရေး၊ ကျန်းမာရေး အသုံးစရိတ်များကို ပိုမိုသုံးစွဲလာတာကို တွေ့ရှိရပါတယ်။ ကျောင်းအဆောက်အဦများကို တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ပညာရေး အသုံးအဆောင်များ ပြည့်စုံအောင် ဖြည့်စွက်ပေးခြင်း၊ ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားခြင်း၊ ဝန်ထမ်းအင်အား တိုးချဲ့ခန့်ထားခြင်းများကို ပြုလုပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ အခြေခံအဆင့်ရဲ့ လိုအပ်ချက်အရ ၁-၈-၂၀၁၃ ရက်နေ့မှာ နေ့စားလပေး မူလတန်းပြ ဆရာ (၁၈၉၈)ဦးနဲ့ အောက်ခြေရုံးဝန်ထမ်း (၂၅၅)ဦးတို့ကို ခန့်ထားပေးခဲ့ပါတယ်။ ၄-၁၁-၂၀၁၃ ရက်နေ့မှာ နောက်တစ်ကြိမ် နေ့စား လပေး အောက်ခြေ ရုံးဝန်ထမ်း (၁၉၀)ဦးကို ထပ်မံခန့်ထားပေးခဲ့ပြန်ပါတယ်။ ၂-၆-၂၀၁၄ ရက်နေ့မှာ ယခင်က ခန့်ထားခဲ့တဲ့ နေ့စားလပေး သင်ကြားရေး မူလတန်းပြ ဆရာ/ဆရာမများအားလုံးဟာ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ပေးလိုက်တဲ့အတွက်

ဆရာ/ဆရာမများအတွက် ဝမ်းပန်းတသာ အဆင်ပြေမှုများ ရရှိကြသော်လည်း ၁-၈-၂၀၁၃ ရက်နေ့ ကတည်းက ခန့်အပ်ခဲ့တဲ့ အောက်ခြေ ရုံးဝန်ထမ်းများနဲ့ ၄-၁၁-၂၀၁၃ရက်နေ့မှာ ခန့်အပ်ခဲ့တဲ့ နေ့စားလပေး အောက်ခြေရုံးဝန်ထမ်း (၄၄၅) ဦးတို့အား ယနေ့အထိ အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ် ထားခြင်း မရှိဘဲနဲ့ နေ့စားလပေး ဝန်ထမ်းအဖြစ်သာ ဆက်လက် လုပ်ကိုင်နေရဆဲ ဖြစ်ပါတယ်။ တစ်နှစ်ကျော်ကာလတိုင်ပင် တိုင်ခဲ့ပါပြီ။ အမြဲတမ်းဝန်ထမ်းဖြစ်ရေးအတွက် မျှော်တလင့်လင့်နှင့် သာလျှင် ရှိနေဆဲ ဖြစ်ပါတယ်။

သို့ပါ၍ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပညာရေး နေ့စားလပေး အောက်ခြေရုံး ဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြတောင်းခံရင်း အောက်ပါမေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ မေးခွန်း(က) အမှတ်(၁) အခြေခံပညာ ဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ၊တိုင်းပညာရေးမှူးရုံး လက်အောက်ရှိ တိုင်း၊ ခရိုင် မြို့နယ် ရုံးများ၌ ကျောင်းများမှာ ခန့်အပ်ထားသော နေ့စားလပေး အောက်ခြေ ရုံးဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ပေးရန် အစီအစဉ် ရှိ/ မရှိနဲ့ ခန့်အပ် ပေးမည်ဆိုပါက မည်သည့်အချိန်မှာ ခန့်အပ်ပေးမည်နည်း၊ မခန့်အပ်ပေးနိုင်ပါက မည်သည့် အကြောင်းကြောင့် ဖြစ်သည်ကို သိရှိလိုပါကြောင်း တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခု ချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၀။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစား ရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာ ပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သ ဆုတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီး ဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင် က အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး သုံးဦး မေးမြန်းတဲ့ မေးခွန်းများနှင့် စပ်လျဉ်းပြီးတော့ ရှင်းလင်း ဖြေကြား သွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ သက်မွေးဝမ်းကျောင်း တက္ကသိုလ် တက်ရောက်ရန် ရည်ရွယ်ချက် မရှိတဲ့ တက္ကသိုလ်ဝင်တန်း ဖြေဆိုသူများ အောင်ချက်ရာခိုင်နှုန်း မြင့်မားစေရန်အတွက် စာမေးပွဲ ကျရှုံးခဲ့သည့် ဘာသာရပ်ကိုသာ ပြန်လည်ဖြေဆိုခွင့် ပြုပြီး အောင်မြင်ပါက တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် ထုတ်ပေးသည့်စနစ် ကျင့်သုံးနိုင်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့် ကိုယ်စားလှယ်တော်ကြီး များခင်ဗျား။

ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအောက်မှာ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနအနေနှင့် ၁၉၅၂ ခုနှစ်ကနေစပြီး ယနေ့အထိ တက္ကသိုလ်ဝင်တန်း စာမေးပွဲများကို ကျင်းပလာခဲ့ရာ ကျရှုံးသူများ အနေဖြင့် ၎င်းတို့ ကျရှုံးတဲ့ ဘာသာရပ်အလိုက် စာမေးပွဲကို ပြန်လည်ဖြေဆိုခွင့် မပြုခဲ့ပါဘူး။ ဒီနေရာမှာ ရှင်းလင်းတင်ပြလိုတာကတော့ တက္ကသိုလ်ဝင်တန်းလို့ ခေါ်တဲ့အတွက် Matriculation Examination လို့ ပြောကြားလိုခြင်း ဖြစ်ပါတယ်။ ဒါကတော့ တက္ကသိုလ်ဝင်စာမေးပွဲတွေဟာ ကျောင်းသား/ကျောင်းသူများ တက္ကသိုလ် ဆက်လက်တက်ရောက်နိုင်တဲ့ အရည်အသွေး ပြည့်ဝမှု ရှိ/မရှိ ကို စစ်ဆေးတဲ့ စာမေးပွဲ ဖြစ်တဲ့အတွက် တက္ကသိုလ် ဝင်တန်းစာမေးပွဲလို့ ရည်ရွယ် ဆိုလိုခြင်း ဖြစ်ပါတယ်။ အဲဒီတော့ အောင်ချက်မြင့်မားအောင် ဆောင်ရွက်ရန်အတွက် လွှတ်တော် ကိုယ်စားလှယ် ကြီးလည်း တင်ပြသွားပါတယ်။ ကာယကံရှင်များကလည်း ကြိုးစားဆောင်ရွက်ရန် လိုသလို မိဘနဲ့ သက်ဆိုင်ရာ ကျောင်းများကလည်း ကြီးကြပ်ဆောင်ရွက်ပေးဖို့ လိုပါတယ်။

အဲဒီတော့ ကျွန်တော်တို့ ကြီးကြပ်ဆောင်ရွက်သွားဖို့အတွက်လည်း မိဘဆရာအသင်းများ ဟာ ကျွန်တော်တို့ ဆောင်ရွက်တဲ့ Magnetism တစ်မျိုးနဲ့ ပညာရေးကို အလေးထားပြီး ဆောင်ရွက် သွားဖို့အတွက် မြို့နယ် အထောက်အကူပြု ကော်မတီသုံးရပ်တွေနဲ့လည်း ပူးပေါင်း ဆောင်ရွက် သွားဖို့အတွက် စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြလို ပါတယ်။ အဲဒီတော့ တက္ကသိုလ်စာမေးပွဲဟာ အခြေခံပညာအဆင့် ပြီးဆုံးပြီးတော့မှ အဆင့်ပညာကို ကူးပြောင်းသင်ယူတဲ့ အရည်အချင်းစစ်တဲ့ စာမေးပွဲ ဖြစ်ပါယ်။ ဒါကြောင့်မို့လို့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ အရည်အသွေး ထိန်းဖို့လည်း လိုပါတယ်။ အဲဒီအပြင် အာဆီယံ အသိုင်းအဝန်း မှာလည်း ကျွန်တော်တို့က National Qualification Framework လို့ ခေါ်တဲ့ အမျိုးသားပညာရေး အရည်အသွေး မူဘောင်တွေနဲ့လည်း ကိုက်ညီဖို့အတွက် ထိန်းသိမ်းဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးကို ယခုအချိန်မှာ Quality Education လို့ ခေါ်တဲ့ မြန်မာ့ပညာအရည်အသွေးကို အာဆီယံနိုင်ငံများနည်းတူ အကောင်အထည်ဖော် ဆောင်ရွက်လျက် ဖြစ်နေတဲ့အတွက် ကျွန်တော်တို့က လူ့စွမ်းအား အရင်းအမြစ်တွေ ပိုမိုပြီး အရည်အသွေး ပြည့်ဝတဲ့ လူ့စွမ်းအား အရင်းအမြစ်တွေ မွေးထုတ်ပေးရန် လိုလာပါတယ်။ ဒါ့အပြင် လာမယ့်နှစ်များမှာတော့ ကျွန်တော်တို့ တက္ကသိုလ် အသီးသီးဟာ ကိုယ်ပိုင်ပဋိညာဉ်လို့ ခေါ်တဲ့ ကိုယ်ပိုင် တက္ကသိုလ် ဝင်ခွင့်များကို မိမိတို့ရဲ့ ပဋိညာဉ်များနဲ့အညီ လက်ခံဆောင်ရွက်ပေးသွားမှာ ဖြစ်တဲ့အတွက် ယခု ကျွန်တော်တို့ ကူးပြောင်းဆဲ ကာလမှာတော့ ကျွန်တော်တို့ အသက်မွေးဝမ်းကျောင်းတက္ကသိုလ် တက်ရောက်ရန် ရည်ရွယ်ချက် မရှိတဲ့ တက္ကသိုလ်ဝင်တန်း ဖြေဆိုသူများ အောင်ချက် ရာခိုင်နှုန်း မြင့်မားစေရန်တွက် စာမေးပွဲ ကျရှုံး ခဲ့သည့် ဘာသာရပ်ကိုသာ ပြန်လည်ဖြေဆိုခွင့်ပြုပြီး အောင်မြင်ပါက တက္ကသိုလ်ဝင်တန်းအောင် လက်မှတ် ထုတ်ပေးသည့်စနစ် ကျင့်သုံးနိုင်ခြင်း မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ် အမှတ်(၂) မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ရဲ့ မြောက်ဦးမြို့နယ် နကန်ကျေးရွာ အခြေခံပညာ အလယ် တန်း ကျောင်း(ခွဲ)မှာ လိုအပ်နေတဲ့ ကျောင်း ဆောင်သစ် တိုးချဲ့ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ် တော်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်သစ်များ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်း လုပ်ငန်းများနဲ့ပတ်သက်ပြီး ဘဏ္ဍာရေး စည်းမျဉ်း

စည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးပြီး သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း မြို့နယ်ဦးစားပေး အစီအစဉ်ကျောင်းများမှာ တန်းစီဇယား ထည့်သွင်းလျာထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်ဦးစားပေး အစီအစဉ် ကျောင်းအလိုက် တန်းစီဇယားအရ မြောက်ဦးမြို့နယ်မှာ အန္တရာယ်ရှိ ကျောင်း (၁၄)ကျောင်း၊ ဥပဓိရုပ် မကောင်းသောကျောင်း (၈)ကျောင်း၊ မြို့နယ်မှ တင်ပြလာသော ကျောင်းများ လွှတ်တော်ကိုယ်စားလှယ်များ တင်ပြခဲ့တဲ့ ကျောင်းများနဲ့ ဌာနဆိုင်ရာ ကွင်းဆင်းစစ်ဆေးချက်အရ ကျောင်းဆောင်သစ် ဆောက်လုပ်ရန်လိုအပ်တဲ့ ကျောင်း(၄)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း (၂၆)ကျောင်းအတွက် ငွေ ကျပ်(၉၆၆)သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ခေါင်းစဉ်အောက်မှာ လျာထားတင်ပြပြီး ဖြစ်ပါသဖြင့် ယခု ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မြောက်ဦးမြို့နယ် နကန်ကျေးရွာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှာ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းအနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၃) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးတင်မောင်မြင့် ရဲ့ အမှတ်(၁)အခြေခံပညာဦးစီးဌာန လက်အာက်မှာရှိတဲ့ တနင်္သာရီတိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံး လက်အောက်ရှိ တိုင်း/ခရိုင်/မြို့နယ်ရုံးများမှာ ခန့်အပ် ထားသော နေ့စား လပေး အောက်ခြေဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အတိုင်းပဲ ပညာရေးဝန်ကြီးဌာနအနေနဲ့တော့ ခန့်အပ်ပြီးကြောင်း အကြောင်းပြန်ကြားပေမယ့် ကိုယ်စားလှယ်တော်ကြီးက ကျွန်တော်တို့ ဖြေကြားတာကြားချင်တယ် ဆိုတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ဒီအတွက်လည်း ဒီနေရာကနေ ကျွန်တော့်အနေနဲ့ရှင်းလင်းစွာ ထပ်မံဖြေကြားပေးပါမယ်ခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ အမှတ်(၁)အခြေခံပညာဦးစီးဌာန အောက်ရှိတဲ့ တနင်္သာရီတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်မြို့နယ်ပညာရေးမှူးရုံးများနှင့် အခြေခံပညာကျောင်းများမှာ ခန့်အပ်ထားတဲ့ နေ့စားလပေးရုံးဝန်ထမ်း (၄၂၀)ဦးကို ၁-၁၀-၂၀၁၄ ရက်နေ့မှာ အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်အပ်ထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး မေးတဲ့ အပိုင်း(က)နဲ့ (ခ) ရှင်းလင်းဖြေကြားပြီးဖြစ်မယ်လို့ ထင်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးရဲ့ ဖြေကြားချက်ထဲမှာ ၁၉၅၂ ခုနှစ် က မလုပ်လို့ ခု မလုပ်ဘူး ဆိုတာ လက်တွေ့ မကျပါဘူး။ ဥပမာအားဖြင့် ၁၉၅၂ ခုနှစ် က ကွန်ပျူတာမပေါ်လို့ ခု ကွန်ပျူတာ မသုံးနဲ့လို့ ပြောရသလို ဖြစ်နေပါပြီ။ ဒုတိယအချက်က နိုင်ငံတကာမှာ GCE စာမေးပွဲ ဆိုပြီး တစ်နှစ်ကို တစ်ဘာသာတစ်မျိုး ဖြေဆိုခွင့်ပြုနေပါတယ်။ နိုင်ငံတကာ ပညာရေးစနစ်မှာတောင်မှ ဒီစနစ်ကို ခွင့်ပြုနေတယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံလည်း ခွင့်ပြုသင့်ပါတယ်။ တတိယစနစ်က ကျွန်တော်တို့က ကျောင်းသားတွေ မိဘတွေဆီကနေ ချို့ယွင်း အားနည်းချက်ရှိလို့

စာမေးပွဲအောင်ချက် ရာခိုင်နှုန်း အကျနည်းတာကို လက်ခံပါတယ်။ ကျွန်တော် အခု တင်ပြနေတာက စာမေးပွဲနစ်ကိုပါ။ စာမေးပွဲစနစ်ဆိုတာ ပညာရေး ဝန်ကြီးဌာနနဲ့ လုံးဝသက်ဆိုင်နေတဲ့ အပိုင်းကိုသာ ကျွန်တော် တင်ပြနေခြင်း ဖြစ်ပါတယ်။ နောက်တစ်ခုက ဝန်ကြီးဖြေတဲ့အထဲမှာ နောက်လာမယ့် တက္ကသိုလ်တွေမှာ ဝင်ခွင့် စာမေးပွဲဖြေပြီး ဝင်ခွင့် ပြုတော့မယ်ဆိုတဲ့အတွက် အဲဒါ ပိုပြီးတော့တောင်မှ ခုချိန်ကတည်းကနေ ပြီးတော့ ဒီစနစ်ကို ကျင့်သုံးသင့်နေပါပြီဆိုတာမျိုး ထပ်မံတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှင်းလင်းတင်ပြလိုပါတယ်။ ဒါ ဦးဖုန်းမြင့်အောင် ကလည်း ကျွန်တော်တို့နဲ့ ကျောင်းအတူတူ တက်ခဲ့တာပါပဲ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးဖုန်းမြင့်အောင် ပြောတဲ့ဟာကိုလည်း နားလည်ပါတယ်။ ၁၉၅၂ ခုနှစ် က မလုပ်ခဲ့လို့ မလုပ်တာ မဟုတ်ပါဘူး။ အဲဒါဆိုလို့ရှိရင် ကျွန်တော်တို့ တက္ကသိုလ်ဝင်ခွင့် ဝင်တန်း စာမေးပွဲကို ပြုပြင်ပြောင်းလဲဖို့ အစီအစဉ် ရှိမှာတောင် မဟုတ်ပါဘူး။ ဒါကတော့ ကျွန်တော်တို့က သမိုင်းကြောင်းအရ ပြောခဲ့ခြင်းသာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဒီစာမေးပွဲစနစ် ပြောင်းလဲတယ်ဆိုတာလည်း Development ကို စဉ်းစားမယ်ဆိုရင်တော့ နိုင်ငံတကာမှာ ပြောရမယ်ဆိုလို့ရှိရင်လည်း Tertiary Education လို့ ခေါ်တဲ့ အဆင့်မြင့်ပညာရေးကဏ္ဍကို သွားတာဟာ (၃၀)ရာခိုင်နှုန်းထက် မရှိပါဘူး။ အဲဒါထက်စာရင် ကျွန်တော်တို့က ခုန အဆင့်မြင့်ပညာရေး တစ်နည်းအားဖြင့် တက္ကသိုလ်တွေကို တက်ရောက်ခွင့် မရတဲ့လူတွေကို အသက်မွေးဝမ်းကျောင်း ပညာရေး တစ်နည်းအားဖြင့် Tech Batch တွေ များများဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အလယ်တန်းအဆင့်နဲ့ကိုက်ညီတဲ့ လူတွေ ၊ မူလတန်းအဆင့်နဲ့ကိုညီတဲ့သူတွေ တက္ကသိုလ်ဝင်တန်းအဆင့် နဲ့ကိုက်ညီတဲ့ အရင်တုန်းကလည်း သိပြီးသားဖြစ်မှာပါ AGTI ဆိုတာ ဖွင့်ခဲ့ပြီးသား ဖြစ်ပါတယ်။ အဲဒီလူတွေဟာ ခုနက တက္ကသိုလ် ဝင်တန်းဆိုတဲ့ ၁၀ တန်းကို အောင်စရာ မလိုပါဘူး။ သို့သော်လည်းပဲ အဲဒီလူတွေဟာဆိုလို့ရှိရင် AGTI တက်ရောက်ခွင့်ရမယ်။ ထိုမှတစ်ဆင့် AGTI မှာ ထူးချွန်မယ်ဆိုလို့ရှိရင်တော့ သူတို့ဟာ တက္ကသိုလ်ပညာရေးကို ဆက်လက်သင်ကြားနိုင်ခွင့် ရှိတဲ့ အခွင့်အလမ်းများရှိတဲ့ Region Course လို့ ခေါ်တဲ့ ပေါင်းကူးစနစ်တွေလည်း ရှိနေတာ ဖြစ်တဲ့အတွက် ဒီတစ်ခုတည်းကိုပဲ စဉ်းစားတာ မဟုတ်ဘဲနဲ့ တိုင်းပြည်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို စဉ်းစားမယ်ဆိုရင် Quality Education ကိုသွားရမှာဖြစ်တဲ့အတွက် အဆင့်မြင့်ပညာရေးကဏ္ဍကိုလည်း Quality ရှိအောင် လုပ်ရပါမယ်။

အဲဒီလိုပဲ နိုင်ငံအတွက်လိုအပ်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖြစ်တဲ့ ကျွန်တော်တို့ အသက်မွေးဝမ်းကျောင်းပညာရပ်ကို အားပေးသွားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ အားပေးရမှာ ဖြစ်တဲ့ အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကလည်း ဒါတွေကို အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိနေပါတယ်။ အသက်မွေးဝမ်းကျောင်းပညာကနေတစ်ဆင့် အဆင့်မြင့် ပညာရေးကဏ္ဍတွေကိုလည်း ကူးပြောင်းနိုင်တဲ့အနေအထားရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုတာကတော့ အဲဒီအပြင် တက္ကသိုလ်တွေရဲ့ ပဋိညာဉ်အညီ ဆောင်ရွက်မှာ ဖြစ်တဲ့အတွက် အခွင့်အရေးများဟာ ရရှိနေတာ ဖြစ်ပါတယ်။ ဘယ်ကပဲသွားသွား ကြိုးစားသူများအတွက်ကတော့ သူတို့က အခွင့်အခါ နည်းခဲ့လို့ ဒီနေရာမှာ ခြေချော်လက်ချော်ဖြစ်သွားခဲ့ရင်တောင်မှ တခြား channel ကနေပြီးတော့

တက္ကသိုလ်များကို တက်ရောက်နိုင်တဲ့အခွင့်အရေးများ ရှိပါကြောင်း ရှင်းလင်းတင်ပြရင်း ဒီနေရာကနေ နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းခြင်း**

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံး၊ ကော်မရှင်အဖွဲ့ဝင်ပညာရှင်ကြီးများနဲ့ ယနေ့အစည်းအဝေးကို ကြွရောက်လာတဲ့ ဒုတိယ ဝန်ကြီးတို့ကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုး ကနေပြီးတော့ အစီရင်ခံစာကို တင်သွင်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်က ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲဥပဒေကြမ်းကို ကျွန်တော်တို့ နိုဝင်ဘာလ ၂၄ ရက်နေ့မှာ ပြင်ဆင်ချက်တွေနဲ့ အတည်ပြုပြီးတော့ အမျိုးသားလွှတ်တော်ကို ပေးပို့လာပါတယ်။ ဥပဒေကြမ်းကော်မတီက နိုဝင်ဘာလ ၂၅ ရက်နေ့မှာ အစည်းအဝေးကျင်းပပြီးတော့ ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ လေ့လာတွေ့ရှိချက်များကို တင်ပြပါမယ်ခင်ဗျား။

အပိုဒ်-၂။ ပြည်ထောင်စုလွှတ်တော်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေကိုပြင်ဆင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေလေ့လာသုံးသပ်ရေးပူးပေါင်း ကော်မတီ နဲ့ ဖွဲ့စည်းပုံအခြေခံပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီများကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး

ဖြစ်ပါတယ်။ ယခုအခါ ပြည်ထောင်စုလွှတ်တော်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီရဲ့ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မှု အစီရင်ခံစာကိုလည်း မူနဲ့ အခြေခံမူသဘောများကို ဆွေးနွေးလျက်ရှိပါတယ်။ အပိုဒ်-၃ ကို တင်ပြပါမယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁၂)ပါ ပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပြင်ဆင်ရမယ့်ပုဒ်မတွေမှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ- ၄၃၆ ပုဒ်မခွဲ (က)အရ ဆောင်ရွက်ရမယ့် ပုဒ်မတွေ ပါရှိမယ်ဆိုပါက ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတစ်ရပ် ကျင်းပပြုလုပ်ရမှာ ဖြစ်ပါတယ်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရာ၌ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်များကို ဥပဒေတစ်ခုဖြင့် ပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းခဲ့ပြီး ပြင်ဆင်ချက်များနဲ့ အတည်ပြုပြီးတော့ ပေးပို့လာခြင်းဖြစ်တာကို လေ့လာ သိရှိရပါတယ်။

အပိုဒ်-၄ ဖွဲ့စည်းပုံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် ဤဥပဒေကို အချိန်မီပြဋ္ဌာန်းသင့်ကြောင်း အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောထားရရှိခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ပြင်ဆင်ချက်များဟာ ကျိုးကြောင်းဆီလျော်ပြီးတော့ လက်တွေ့ကျင့်သုံးဆောင်ရွက်ရာမှာ အဆင်ပြေချောမွေ့စေရန်အတွက် ပြင်ဆင်ခဲ့ခြင်း ဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မတီရဲ့သဘောထားမှတ်ချက်ကိုတင်ပြပါမယ်။ သို့ဖြစ်ပါ၍ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် လေးစားစွာအစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (မူကြမ်း)ကို အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး အချိန်ကန့်သတ်ချက်ရှိနေတဲ့အတွက် ယနေ့ ၂၆-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

## ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ် ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၅။**

**ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီက တင်သွင်းသွားတဲ့ မီးသတ်တပ်ဖွဲ့ဥပဒေကြမ်းနဲ့ပတ်သက်ပြီးတော့မှ စကားရပ်အသုံးအနှုန်းပဲ ကျွန်တော်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက တင်သွင်းသွားတဲ့ ကျွန်တော်တို့ မီးသတ်တပ်ဖွဲ့ဥပဒေကြမ်း အပိုဒ်-၄၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲငယ်-၃ မှာ ဖော်ပြထားတဲ့ စကားရပ်အစားထိုးတဲ့နေရာမှာ ပြည်ထောင်စုနယ်မြေကောင်စီဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့မှ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖွဲ့ဝင်ဆိုပြီးတော့မှ အစားထိုးထားတာ ဒါတွေ့ရှိရပါတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ ပြည်ထောင်စုကောင်စီဝင်နေရာမှာ ကျွန်တော်တို့ ဒီမှာ ဆောင်ရွက်နေတဲ့ နေပြည်တော်ကောင်စီဝင်ဆိုပြီးတော့မှ လူအစားထိုးပြောင်းလဲပြင်ဆင်သွားဖို့ ဒါ ဆွေးနွေးလိုပါတယ်။

နောက်ဥပဒေကြမ်းအပိုဒ်-၁၂ မှာလည်းပဲ အစားထိုးဖော်ပြတဲ့နေရာမှာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြည်ထောင်စုနယ်မြေအစိုးရတို့သည် လိုအပ်ပါက ဆိုတဲ့စကားရပ်နေရာမှာ ဥပဒေကြမ်းကော်မတီကနေပြီးတော့မှ တင်သွင်းသွားတဲ့ အစီရင်ခံစာမှာ ပြည်ထောင်စုနယ်မြေကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရတို့သည် လိုအပ်ပါက ဆိုတဲ့စကားရပ် အစားထိုးပြီးတော့မှ ဆိုတာ ဖော်ပြထားတာတွေ့ရပါတယ်။

အဲဒီနေရာမှာလည်းပဲ ပြည်ထောင်စုနယ်မြေကောင်စီနယ်မြေနေရာမှာ နေပြည်တော်ကောင်စီဆိုပြီးတော့မှ ကျွန်တော်တို့ထည့်သွင်းဖော်ပြမှ မှန်ကန်မှာဖြစ်ပါတယ်။ ဒါ ဘာကြောင့် တင်ပြရသလဲဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၈၅ (၁) နဲ့ (၂)မှာ နိုင်ငံတော်သမ္မတဟာ နေပြည်တော်ကောင်စီတစ်ရပ်ကို ဖွဲ့စည်းထားရှိရမည်။ အပိုဒ်-၂ မှာကတော့ ပုဒ်မခွဲ(က)တွင် ဖော်ပြသတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနဲ့ ကောင်စီဝင်များအဖြစ်ခန့်အပ်တာဝန်ပေးအပ်မည် ဒီလိုမျိုး ဖွဲ့စည်းပုံအခြေခံဥပဒေမှာဖော်ပြထားတာ ဖြစ်တဲ့အတွက် အစောက ကျွန်တော်တင်ပြခဲ့တဲ့ ပြည်ထောင်စုကောင်စီနယ်မြေအစား နေပြည်တော်ကောင်စီဆိုပြီးတော့ သွားဖို့ ကျွန်တော် အကြံပြုဆွေးနွေးလိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ နောက်ပိုင်းမှာ ဥပဒေကြမ်းကော်မတီနဲ့ ဆက်လက်ရေးဆွဲတဲ့ နေရာမှာ နေပြည်တော်နဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော် အကြံပြုတင်ပြလိုတာကတော့ တိုင်းဒေသကြီး/ပြည်နယ်တွေနဲ့ ပတ်သက်ပြီးတော့ သုံးစွဲတော့မယ်ဆိုရင် ကျွန်တော်တို့ ဒီနယ်မြေဒေသကို ပြည်ထောင်စုနယ်မြေအဖြစ် နယ်မြေအနေနဲ့ အမည်ခေါ်ဝေါ်သုံးစွဲ သတ်မှတ်ပေးဖို့နဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရဆိုပြီးတော့ သုံးစွဲတဲ့ကိစ္စ ကျွန်တော်တို့ ဥပဒေကြမ်းမှာ ပေါ်ပေါက်လာရင် နေပြည်တော်ကောင်စီဆိုတဲ့ စကားအသုံးအနှုန်းတို့ကို ကျွန်တော်တို့ သုံးစွဲဖို့ ဖြစ်ပါတယ်။

နောက်တစ်ခုက တိုင်းဒေသကြီး/ပြည်နယ်အစိုးရဝန်ကြီးများ ဆိုတဲ့ စကားလုံး ကျွန်တော်တို့ ဥပဒေကြမ်းမှာ သုံးစွဲတော့မယ်ဆိုရင် နေပြည်တော်ကောင်စီဝင်ဆိုတဲ့စကား သုံးစွဲဖို့ အကြံပြုတင်ပြခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၉ မှာလည်းပဲ ကျွန်တော်တို့ ပြည်နယ်နှင့် တိုင်းဒေသကြီးများနည်းတူ နေပြည်တော်ဒေသကို ပြည်ထောင်စုနယ်မြေအဖြစ် သတ်မှတ်ဖော်ပြတာဖြစ်တာကြောင့် ဒါကို ကျွန်တော်တို့ အကြံပြုဆွေးနွေးခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုနယ်မြေဆိုတာက နောင်ကျတော့ ဒီတစ်ခုတည်းဟုတ်ချင်မှ ဟုတ်မှာပေါ့။ ဥပဒေအရ ပြည်ထောင်စုနယ်မြေတွေ ထပ်ပြီးသတ်မှတ်လို့ရတယ်။ ဒါကြောင့် ပြည်ထောင်စုနယ်မြေဆိုလို့ရှိရင် နောက်ထပ် ဘယ်နယ်မြေကိုပဲ သတ်မှတ်သတ်မှတ် အကျုံးဝင်တာပေါ့။ နေပြည်တော်ကောင်စီ ဆိုတော့ နောင်ပြည်ထောင်စုနယ်မြေတိုင်းကို ဥပဒေထပ်ပြင်ရမယ့်သဘော ဖြစ်နေတယ်။ ဒါကြောင့်ပြည်ထောင်စုနယ်မြေဆိုတာ မှန်ပါတယ်။

**ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဟုတ်ကဲ့ပါ။

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးဇော်လင်းအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၈။**

**ဗိုလ်မှူးဇော်လင်းအောင်၊ တပ်မတော်သား ကိုယ်စားလှယ်**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားသော ကော်မရှင်အဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇော်လင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၉၉၇ ခုနှစ်၊ မီးသတ်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသည့် မီးသတ်တပ်ဖွဲ့ ဥပဒေနှင့်စပ်လျဉ်းပြီးတော့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ဆွေးနွေးတင်ပြချက်များကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

ပထမဦးစွာ ဥပဒေကြမ်းရဲ့အခန်း(၁)၊ ပုဒ်မ ၂ အဆိုပြုပြဋ္ဌာန်းချက်မှာ ပုဒ်မခွဲ(ခ) အရန်မီးသတ်တပ်ဖွဲ့ဆိုသည်မှာ မီးသတ်ဦးစီးဌာနက လေ့ကျင့်သင်ကြားပြီး ဖွဲ့စည်းတည်ထောင်သည့် စေတနာ့ဝန်ထမ်း အရန်မီးသတ်ဝန်ထမ်းကိုဆိုသည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ က မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားရှိတာကို တွေ့ရှိရပါတယ်။

ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတာကတော့ မူလပြဋ္ဌာန်းချက်ပါ ဖွဲ့စည်းတည်ထောင်သည့် ဆိုသည့် စကားရပ်ရဲ့နောက်မှာ သတ်မှတ်အရည်အချင်းနဲ့ ပြည့်စုံသောဆိုတဲ့ စကားရပ်ကို ဖြည့်စွက်ပြီးတော့ ပုဒ်မခွဲ(ခ)အရန်မီးသတ်တပ်ဖွဲ့ဆိုသည်မှာ မီးသတ်ဦးစီးဌာနက လေ့ကျင့် သင်ကြားပြီး ဖွဲ့စည်းတည်ထောင်သည့်သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသော စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ကို ဆိုသည် ဟု ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့တော့ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ စိစစ်တင်ပြခြင်းအစီရင်ခံစာလေ့လာတွေ့ရှိချက်မှာ မူလပြဋ္ဌာန်းချက်ပါ ပုဒ်မ-၈၊ ပုဒ်မခွဲအရန်မီးသတ်တပ်ဖွဲ့နှင့် စပ်လျဉ်းပြီးတော့ ဒီ ပြင်ဆင်ထားချက်နှင့် ညီညွတ်မှု ရှိစေဖို့ အတွက် ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ အခန်း(၄) ဗဟိုအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များခေါင်းစဉ်အောက်မှာ ရှိတဲ့ ပုဒ်မ-၅ မှာ ပုဒ်မခွဲ(စ)အဖြစ် အသစ်ဖြည့်စွက်လိုပါတယ်။ ပြင်ဆင်ဖြည့်စွက်လိုတဲ့အချက်ကတော့ ပုဒ်မခွဲ(စ) မီးဘေးလုံခြုံရေးအဖွဲ့အဆင့်ဆင့်အတွက် လိုအပ်သောမီးဘေးလုံခြုံရေးဆိုင်ရာ အသုံးစရိတ်များကို သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရဘဏ္ဍာရန်ပုံငွေသို့ ဘဏ္ဍာရေးနှစ်အလိုက် တင်ပြတောင်းခံခြင်းနှင့် ရရှိသည့်ဘဏ္ဍာငွေပေါ်မူတည်၍ မီးဘေးလုံခြုံရေး အဖွဲ့အဆင့်ဆင့် သို့ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဆိုပြီးတော့ ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့တော့ မီးဘေးလုံခြုံရေးဗဟိုအဖွဲ့ရဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်နဲ့ စပ်လျဉ်းပြီးတော့ ပိုမိုပြည့်စုံမှုရှိစေဖို့အတွက် ဖြည့်စွက်လိုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ပုဒ်မခွဲ(င)ရဲ့အောက်မှာ ပုဒ်မခွဲ(စ) အနေနဲ့ အသစ်ဖြည့်စွက်လိုပြီးတော့ ယခင် ပုဒ်မ(စ)ကို ပုဒ်မခွဲ(ဆ)အဖြစ် ပြောင်းလဲ အမှတ်စဉ်ရန် ဖြစ်ပါတယ်။

ကျွန်တော်တို့ ဥပဒေကြမ်းရဲ့ အခန်း(၆)၊ ပုဒ်မ ၁၀ မှာဆိုလို့ရှိရင် အဆိုပြုပြဋ္ဌာန်းချက် ပုဒ်မ၁၀ အသက်(၁၈)နှစ်ပြည့်ပြီးသူ မည်သူမဆို သတ်မှတ်ချက်များနှင့် အညီ အရန်မီးသတ်တပ်ဖွဲ့သို့ မိမိဆန္ဒအလျောက် ပါဝင်ခွင့်ရှိသည် ဆိုပြီးတော့ ပြဋ္ဌာန်းထားရှိပါတယ်။ ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းအတိုင်း အတည်ပြုထားရှိတာကို တွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ အသက်(၁၈)နှစ်ပြည့်ပြီးသူ မည်သူမဆိုရဲ့ရှေ့မှာ အရန်မီးသတ်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်သည်ဆိုတဲ့ စကားရပ်ဖြည့်စွက်ပြီးတော့ ပုဒ်မ ၁၀ အရန်မီးသတ်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်သည့် အသက်(၁၈)နှစ် ပြည့်ပြီးသူ မည်သူမဆို သတ်မှတ်ချက်များနှင့်အညီ အရန်မီးသတ်တပ်ဖွဲ့သို့ မိမိဆန္ဒအလျောက် ပါဝင်ခွင့်ရှိသည် ဟု ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့တော့ အသက်(၁၈)နှစ်ပြည့်ပြီးသူဖြစ်ပေမယ့်လည်း အရန်မီးသတ်တပ်ဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်နိုင်တဲ့သူကိုသာ မိမိဆန္ဒအလျောက်ပါဝင်ခွင့်ရှိသည်ဆိုတဲ့ အဓိပ္ပာယ်ကို ရှင်းလင်းစွာ ဖော်ပြနိုင်ဖို့အတွက် ပြင်ဆင်လိုခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဥပဒေကြမ်းရဲ့အခန်း(၈)၊ ပုဒ်မ ၁၅။ အခန်း(၈) မီးဘေးလုံခြုံရေး လုပ်ငန်းများ အောက်မှာရှိတဲ့ ပုဒ်မ ၁၅ ဖြစ်ပါတယ်။ အဆိုပြုပြဋ္ဌာန်းချက်မှာ ပုဒ်မခွဲ (က) ဗဟိုအဖွဲ့ကချမှတ်ထားသော လုပ်ငန်းစဉ်များနဲ့အညီ မီးဘေးလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဟု ဖော်ပြထားရှိပါတယ်။ ဥပဒေကြမ်းကော်မတီက မူလပြဋ္ဌာန်းချက်အတိုင်း အတည်ပြုထားရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတာကတော့ ပုဒ်မခွဲ(က) ဗဟို အဖွဲ့ကချမှတ်ထား

သော လုပ်ငန်းစဉ်များနဲ့အညီ မီးဘေးလုံခြုံရေးဆိုင်ရာ အောက်ပါလုပ်ငန်းများကို မျက်ခြေမပြတ် ဆောင်ရွက်ရမည်။ ပုဒ်မခွဲငယ်(၁) မီးသတ်ပစ္စည်းကိရိယာများ ထားရှိရေးအစီအမံများ၊ -၂ ရေရရှိရေး အစီအမံများ၊ (၃) မီးဘေးကြိုတင်ကာကွယ်ရေးအစီအမံများ၊ (၄) မီးလောင်လျှင် ဆောင်ရွက်မည့် အစီအမံများ ဆိုပြီးတော့ ဖြစ်ပါတယ်။ ပြင်ဆင်လိုတဲ့အကြောင်းပြချက်ကတော့ ကျွန်တော်တို့ မီးဘေးလုံခြုံရေးလုပ်ငန်းစဉ်များနဲ့စပ်လျဉ်းပြီးတော့ ဗဟိုအဖွဲ့ကချမှတ်ထားတဲ့ လုပ်ငန်းစဉ် များစွာ ရှိကောင်းရှိနိုင်မှာ ဖြစ်ပြီးတော့ ဒီလုပ်ငန်းစဉ်တွေထဲမှာ ဖော်ပြပါလုပ်ငန်းတွေကတော့ ဒီ မဖြစ်မနေ၊ မျက်ခြေမပြတ် အစဉ်တစ်စိုက်ဆောင်ရွက်ဖို့လိုတဲ့ အတွက် ပြင်ဆင်လိုခြင်း ဖြစ်ပါတယ်။

ဒီ ဥပဒေကြမ်းရဲ့အခန်း(၈)၊ ပုဒ်မ ၁၆ ပုဒ်မခွဲ(ခ) အဆိုပြုပြဋ္ဌာန်းချက်မှာ ပုဒ်မခွဲ(က)အရ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းတွင် နေထိုင်သူများ လိုက်နာခြင်းရှိ/မရှိ လိုအပ်သလိုစစ်ဆေးစေခြင်းပြုရမည် ဆိုပြီးတော့ ပြဋ္ဌာန်း ထားရှိပါတယ်။ ဥပဒေကြမ်းကော်မတီကတော့ ဒီမူလပြဋ္ဌာန်းချက်ပါလိုအပ်သလိုဆိုတဲ့စကားရပ်အစား သတ်မှတ်ချက်များနဲ့အညီ ဆိုတဲ့စကားရပ်ကို ဖြည့်စွက်ပြီးတော့ အတည်ပြုထားတာကို တွေ့ရှိရ ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ အဓိပ္ပာယ်ပိုမိုပြည့်စုံစေဖို့အတွက် ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲ(က)အရ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများအား လိုက်နာခြင်းရှိ/မရှိ အား သက်ဆိုင်ရာအဖွဲ့ဝင်များနဲ့အတူ သတ်မှတ်ချက်များ နှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးစေခြင်းနှင့် လိုက်နာမှုမရှိသူများအား လိုအပ်သလို အရေးယူနိုင်ရေး စီစစ်ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ရမည်ဆိုပြီးတော့ ပြင်ဆင် ဖြည့်စွက်လိုပါတယ်။

ဥပဒေကြမ်းရဲ့အခန်း(၉) အဆိုပြုပြဋ္ဌာန်းချက်မှာ ပုဒ်မ ၂၁ မြို့နယ်မီးသတ်ဦးစီးမှူးသည် မီးလောင် မှုဖြစ်ပွားရသည့်အကြောင်းအရင်း၊ မီးလောင်ဆုံးရှုံးမှုခန့်မှန်းတန်ဘိုးနှင့် မီးလောင်မှုအတွက် တာဝန်ရှိသူတို့ကို အမြန်ဆုံးစုံစမ်းစစ်ဆေးရမည်၊ ယင်းစုံစမ်းစစ်ဆေးတွေ့ရှိချက်များကို ညွှန်ကြားရေး မှူးချုပ်ထံ အဆင့်ဆင့်တင်ပြရမည် ဆိုပြီးတော့ ပြဋ္ဌာန်းထားရှိပါတယ်။ ဥပဒေကြမ်း ကော်မတီ အနေနဲ့ကတော့ ပုဒ်မ၂၁ မြို့နယ်မီးသတ်ဦးစီးမှူးသည် မီးလောင်မှုဖြစ်ပွားရ သည့် မီးလောင်ဆုံးရှုံးမှု ခန့်မှန်းတန်ဘိုးနဲ့ မီးလောင်မှုအတွက် တာဝန်ရှိသူတို့ကို အမြန်ဆုံး စုံစမ်းစစ်ဆေး တင်ပြရမည် ဆိုပြီးတော့ ပြင်ဆင်ထားရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီပုဒ်မနဲ့ စပ်လျဉ်းပြီးတော့ ပိုမိုပြည့်စုံမှု ရှိစေဖို့အတွက် တင်ပြလိုတာကတော့ ပုဒ်မ ၂၁၊ မြို့နယ်မီးသတ်ဦးစီးမှူးသည် မီးလောင်မှု ဖြစ်ပွား ရသည့် အကြောင်းအရင်း၊ မီးလောင်ဆုံးရှုံးမှုခန့်မှန်းတန်ဘိုးနှင့် မီးလောင်မှုအတွက် တာဝန်ရှိသူတို့ကို အမြန်ဆုံးစုံစမ်းစစ်ဆေးပြီး စစ်ဆေးတွေ့ရှိချက်များအား ညွှန်ကြားရေးမှူးချုပ်ထံ အဆင့်ဆင့် တင်ပြရမည်ဟု ပြင်ဆင်လိုပါတယ်။

ဥပဒေကြမ်းရဲ့အခန်း(၁၁) အဆိုပြုပြဋ္ဌာန်းချက်မှာ ပုဒ်မ ၂၇၊ မည်သူမျှ မီးငြိမ်းသတ်ရန် ထွက်ခွာလာသော မီးသတ်တပ်ဖွဲ့ဝင်များနဲ့ မီးသတ်ယာဉ်များအား တာဝန်ရှိသူမှအပ လမ်းပိတ်ဆို့ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ရန်ပြုခြင်း၊ မီးလောင်မှုနှင့်မသက်ဆိုင်သောနေရာသို့ တစ်နည်းနည်း ဖြင့် လမ်းပြခေါ်ယူခြင်းမပြုရဟု ဆိုပြီးတော့ ပြဋ္ဌာန်းထားရှိပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီ ရဲ့ ပြင်ဆင်ချက်မှာတော့ တာဝန်ရှိသူမှအပ ဆိုတဲ့ စကားရပ်ကို ဖြုတ်ပြီးတော့ ပုဒ်မ ၂၇၊ မည်သူမျှ မီးငြိမ်းသတ်ရန်ထွက်ခွာလာသည့် မီးသတ်တပ်ဖွဲ့ဝင်များနဲ့ မီးသတ်ယာဉ်များကို ပိတ်ဆို့ခြင်း၊

ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ ရန်ပြုခြင်း၊ မီးလောင်မှုနှင့်မသက်ဆိုင်သည့် နေရာသို့ တစ်နည်းနည်းဖြင့် လမ်းပြခေါ်ယူခြင်း မပြုရဟု ပြင်ဆင်ထားရှိပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ ပုဒ်မ ၂၇ မည်သူမျှ မီးငြိမ်းသတ်ရန်ထွက်ခွာလာသော မီးသတ်တပ်ဖွဲ့ဝင်များနဲ့ မီးသတ်ယာဉ်များကို အကြောင်းမဲ့ဟန့်တားခြင်း၊ လမ်းပိတ်ဆို့ခြင်း၊ နှောင့်ယှက်ခြင်း၊ ရန်ပြုခြင်း၊ မီးလောင်မှုနှင့်မသက်ဆိုင်သည့် နေရာသို့ တစ်နည်းနည်းဖြင့် လမ်းပြခေါ်ယူခြင်း မပြုရဟု ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့တော့ မီးသတ်ယာဉ်များဦးတည်ချီတက်ရာ ဒီလမ်းကြောင်းမှာဆိုလို့ရှိရင် အတားအဆီးတွေရှိနေနိုင်တယ်။ နောက် လမ်းကြောင်းမှားယွင်းမှု ရှိနေနိုင်ပါတယ်။ ဒါတွေတွေ့မယ်ဆိုရင်လည်း တာဝန်ရှိသူများ၊ တာဝန်ရှိပြည်သူများက နေပြီးတော့ ဟန့်တားဖို့လိုအပ်နေပြီးတော့ ကူညီဆောင်ရွက် ပေးမှအဆင်ပြေမှာ ဖြစ်ပါတယ်။ ကျန်တဲ့ပုဒ်မ၊ ပုဒ်မခွဲများကိုတော့ အမျိုးသားလွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ပြင်ဆင် အတည်ပြုချက်အတိုင်း ထားရှိသင့်ပါကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှစ်ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၅၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၁၃ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၁၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်း အဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၈။**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၇/၂၀၀၂ နဲ့ ပြဋ္ဌာန်းလာတဲ့ မြေသြဇာဥပဒေကို ပြင်ဆင်ရန်အတွက် အဆိုပြုတင်သွင်းသွားမှာဖြစ်ပါတယ်။ မြေသြဇာဥပဒေကို ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့က ပြဋ္ဌာန်းခဲ့တဲ့ အဓိကရည်ရွယ်ချက်များကတော့ နိုင်ငံတော်ရဲ့ အခြေခံစီးပွားရေးဖြစ်တဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်၊ မြေသြဇာလုပ်ငန်းများကို စနစ်တကျကွပ်ကဲထိန်းသိမ်းရန်၊ အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်း ပြည့်မီသော မြေသြဇာတို့ကို စိုက်ပျိုးသူတောင်သူလယ်သမားများ သုံးစွဲနိုင်ရန် သင့်လျော်သော မြေသြဇာများကို သုံးစွဲခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းရေးနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူပြုနိုင်ရန်၊ မြေသြဇာကို စိုက်ပျိုးသူများ စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊ မြေသြဇာ လုပ်ငန်းနှင့်စပ်လျဉ်း၍ အစိုးရဌာန အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ မြေသြဇာ ဥပဒေကို ပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။

သို့သော်လည်း ဒီမြေသြဇာဥပဒေဟာ ၂၀၀၂ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်တာနဲ့အညီ ယနေ့ခေတ်ကာလနဲ့ လျော်ညီစွာ ပြင်ဆင်ရေးဆွဲရန် လိုအပ်လာတာဖြစ်ပါတယ်။ ဥပမာတင်ပြရမယ် ဆိုရင် ကျွန်တော်တို့ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ဤဥပဒေကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်တဲ့ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း အစား စိုက်ပျိုးရေးဦးစီးဌာန ဖြစ်သွားတဲ့အတွက် ကျွန်တော်တို့က ပြင်ဆင် ဆောင်ရွက်ရမယ့် ဥပဒေထဲမှာပါတဲ့အချက်တွေ ဖြစ်နေတာဖြစ်ပါတယ်။ အလားတူ ခေတ်စနစ်နဲ့အညီ မြေသြဇာများကို ပုဂ္ဂလိကလုပ်ငန်းများက ဆောင်ရွက်လာရတာဖြစ်တဲ့အတွက် စနစ်တကျ တောင်သူ လယ်သမားများအကျိုးအတွက် ဆောင်ရွက်ရန် လိုအပ်လာတဲ့အတွက် ဤမြေသြဇာဥပဒေမူကြမ်းကို လက်ခံဆွေးနွေးပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးပေးပါရန် အဆိုတင်သွင်းခြင်းအပေါ် ကျွန်တော် ဦးအောင်ချိုဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)က ထောက်ခံအပ်ပါတယ်။

**အချိန်၊ ၁၁း၂၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံ ဆွေးနွေး စဉ်းစားရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ**။ ။ မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေး စဉ်းစားရန် လွှတ်တော်က-

သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းကတာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ မြေသြဇာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးကျော်ကျော် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဖြစ်ပါတယ်။ အခုအမျိုးသားလွှတ်တော်ရဲ့ အစီရင်ခံစာကို ကျွန်တော် ဖတ်ကြားတင်သွင်းပေးပါမယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
မြေသြဇာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မြေသြဇာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌စတင်ဆွေးနွေးနိုင်ရန် ၁၃ - ၁၀ - ၂၀၁၄ ရက်နေ့ပေးပို့လာပါသည်။ ယင်းဥပဒေကြမ်း ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၂၁-၁၀-၂၀၁၄ ရက်နေ့နှင့် ၁၁-၁၁-၂၀၁၄ ရက်နေ့များတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြေသြဇာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း အပေါ်လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) လက်ရှိအသုံးပြုနေသောရာထူးနှင့်လျော်ညီမှုရှိစေရန်အတွက် ဤအဆိုပြုပြင်ဆင်သည့် ဥပဒေကြမ်း အပိုဒ် ၂(က)တွင် ပါရှိသော တာဝန်ခံအရာရှိ ဆိုသည့်စကားရပ်ကို ဦးစီးမှူး ဆိုသည့် စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အဆိုပြုပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် ၇ တွင်ပါရှိသော ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)၏ အောက်တွင် အရည်အသွေးအာမခံချက် ဆိုသည့်စကားရပ်ကို ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဃ) အဖြစ် အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) အဆိုပြုဥပဒေကြမ်းသည် ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ် ဖြစ်သည့်အတွက် ပြင်ဆင် အစားထိုးသည့် အပိုဒ်များကို ဥပဒေအရ ရေးထုံးနှင့်ညီညွတ်မှုရှိစေရန် ဆောင်ရွက်သင့် ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် ဥပဒေကြမ်းတစ်ရပ်လုံးကို ဥပဒေရေးထုံးနှင့် မြန်မာစာရေးထုံးဆိုင်ရာ ပြင်ဆင် ဖြည့်စွက်ခြင်းတို့ ပြုလုပ်ခဲ့ပြီး အပိုဒ်စဉ်များကိုလည်း အစီအစဉ်တကျပြောင်းလဲ အမှတ်စဉ်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ဖြည့်စွက်ချက် အသေးစိတ်ကို ကန့်လန့်ဖြတ် ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြေသြဇာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံရေး စီးပွားရေးနှင့်ဥပဒေရေးရာ ကော်မရှင်မှ ပညာရှင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင် ဖြည့်စွက် ထားခြင်းဖြစ်၍ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြေသြဇာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၇-၁၁-၂၀၁၄ (ကြာသပတေးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ နဝမပုံမှန်အစည်းအဝေးအထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၃)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့် ပထမပုံမှန်မှ နဝမပုံမှန် အစည်းအဝေး အထိ လုပ်ငန်းဆောင်ရွက်ရန် ကျန်ရှိသည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့် စပ်လျဉ်းတဲ့ အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန် ခံချက်များ စိစစ်ရေးကော်မတီက အစီရင်ခံစာကို ဖတ်ကြား တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဦးမှတ်ကြီး (အဖွဲ့ဝင်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ရွှင်လန်းပါစေလို့ ဆုမွန်ကောင်း တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဖြစ်ပြီးတော့ အမျိုးသားလွှတ်တော် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ဥက္ကဋ္ဌ ဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တင်သွင်းတဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်း သွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၅ (က)၊ အမျိုးသား လွှတ်တော် ဥပဒေပုဒ်မ ၂၁ နှင့် အမျိုးသားလွှတ်တော် နည်းဥပဒေ အပိုဒ် ၇၁ နှင့် ၇၃

တို့အရ အမျိုးသား လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းတဲ့ မေးခွန်းများ၊ တင်သွင်းသည့် အဆိုများနှင့်ပတ်သက်၍ နောက်တစ်ကြိမ် ကျင်းပမယ့် လွှတ်တော် အစည်းအဝေးများတွင် အစီရင်ခံစာ တင်သွင်းရန် ပြဋ္ဌာန်းထားပါသည်။

ရည်ရွယ်ချက်

၂၈-၅-၂၀၁၄ ရက်နေ့မှ ၃၁-၇-၂၀၁၄ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမအကြိမ် အမျိုးသား လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်း များနှင့် တင်သွင်းခဲ့သည့် အဆိုများ၊ ပထမပုံမှန်မှ နဝမပုံမှန် အစည်းအဝေးတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ မေးခွန်းများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့် အဆိုများမှ မပြီးပြတ်သေးသော လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ နောက်ဆုံး ဆောင်ရွက်ချက်များအား ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ အစီရင်ခံတင်ပြရန် ဖြစ်ပါတယ်။

ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း

အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄(ဃ)၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ များရဲ့ နည်းဥပဒေ ၃၃(ဃ)နှင့် ၆၇ တို့အရ ဖွဲ့စည်းထားသော အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၄ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးဖြစ်သဖြင့် လက်ရှိကော်မတီဝင် (၁၅)ဦး တို့သည် ၁- ၈- ၂၀၁၄ ရက်နေ့မှစ၍ ကော်မတီ၏ လုပ်ငန်းတာဝန်များကို လွှဲပြောင်းထမ်းဆောင်လျက် ရှိပါကြောင်း အစီရင်ခံ တင်ပြအပ်ပါတယ်။

ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များ

အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဟာ ၁၂-၁၁-၂၀၁၄ ရက်နေ့နှင့် ၁၃- ၁၁- ၂၀၁၄ ရက်နေ့များတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကိုဖိတ်ကြားပြီးတော့ အစည်းအဝေးပြုလုပ်ပြီးတော့ ဌာနအလိုက်ကတိပြုထားတဲ့ လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးသည့် နောက်ဆုံး အခြေအနေများကို ညှိနှိုင်းတောင်းခံခဲ့ပါတယ်။ အဲဒါကို အပိုင်း(၄)ပိုင်းဖြင့် ပြုစုတင်ပြထားပြီး ဖြစ်ပါတယ်။

အပိုင်း(၁)အနေနဲ့ကတော့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြ မေးခွန်းပေါင်း(၂၄၄)ခုမှ ကတိဖြစ်ပေါ်ခဲ့တဲ့ မေးခွန်း (၉၉)ခုအနက် ဆောင်ရွက်ပြီးလုပ်ငန်း(၁၄)ခုနှင့် မပြီးပြတ်သေးသောလုပ်ငန်း (၈၅) ခုရှိပါတယ်။ မပြီးပြတ်သေးသော လုပ်ငန်း(၈၅)ခုမှာ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် ကတိပြုထားတဲ့ လုပ်ငန်း (၄၂)ခု၊ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် နောက်ပိုင်းမှ ဆောင်ရွက်ပေးမယ့်လုပ်ငန်း

(၄၃)ခုရှိပါတယ်။ တင်သွင်းခဲ့သော အဆို (၉)ခုမှ (၈)ခု အတည်ပြုခဲ့ပါတယ်။ အတည်ပြုခဲ့တဲ့ အဆို (၈)ခုအနက် ဆောင်ရွက်ပြီး အဆို(၃)ခုနှင့် ဆောင်ရွက်ရန် ကျန်အဆို(၅)ခု ရှိပါတယ်။

အပိုင်း(၂)ကို ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေးမှာ မေးမြန်းခဲ့တဲ့ ကြယ်ပွင့်မပြ မေးခွန်းပေါင်း(၂၇၂)ခုမှ ကတိဖြစ်ပေါ် ခဲ့တဲ့ မေးခွန်း (၈၇) ခုအနက်မှ ဆောင်ရွက်ပြီးစီးတဲ့လုပ်ငန်း(၂၃)ခုနှင့် မပြီးပြတ် သေးတဲ့လုပ်ငန်း (၆၄) ခုရှိပါတယ်။ ဆောင်ရွက်ရန်ကျန်လုပ်ငန်း (၆၄) ခုမှာလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး မပြီးစီးသေးတဲ့လုပ်ငန်း (၁)ခုရှိပါတယ်။ ၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် ကတိပြုထားသောလုပ်ငန်း (၂၅) ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နှင့် နောက်ပိုင်းမှ ဆောင်ရွက်ပေးမည့်လုပ်ငန်း (၃၈) ခုရှိပါတယ်။

အပိုင်း(၃)ကို ဆက်လက်တင်ပြမှာ ဖြစ်ပါတယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ကနေပြီးတော့ နဝမပုံမှန် အစည်းအဝေးအထိ ကတိဖြစ်ခဲ့တဲ့ ကြယ်ပွင့်ပြ မေးခွန်း (၇၉၆)ခုအနက် ဆောင်ရွက်ပြီးလုပ်ငန်း (၇၅၂)ခုနှင့် မပြီးပြတ်သေးသော လုပ်ငန်း(၄၄)ခု ရှိပါတယ်။ ဆောင်ရွက်ရန်ကျန်လုပ်ငန်း (၄၄) ခုမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင် ဆောင်ရွက်ခဲ့ပြီး မပြီးစီးသေးတဲ့လုပ်ငန်း (၆)ခု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် ကတိပြုထားတဲ့လုပ်ငန်း (၂၅)ခုနဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နောက်ပိုင်းမှ ဆောင်ရွက်ပေးမယ့် လုပ်ငန်း (၁၃)ခုရှိပါတယ်။ အတည်ပြုခဲ့တဲ့အဆို (၁၀၅) ခုအနက်မှ ပြီးစီးတဲ့ လုပ်ငန်း(၁၀၁)ခုနှင့် မပြီးပြတ်သေးတဲ့ အဆို (၄)ခု ကျန်ရှိနေကြောင်း တင်ပြအပ်ပါတယ်။

ကြယ်ပွင့်ပြမေးခွန်း နဲ့ပတ်သက်ပြီးတော့ Power Point မှာတင်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။ အဆိုနဲ့ပတ်သက်လို့လည်း Power Point မှာတင်ပြထားတဲ့အတိုင်း ဖြစ်ပါတယ်။

အပိုင်း(၄)နဲ့ပတ်သက်လို့ ကျွန်တော်တို့ ပထမပုံမှန်မှ နဝမပုံမှန်အစည်းအဝေး အထိ ကြယ်ပွင့်မပြမေးခွန်းများအနက် ကတိဖြစ်ခဲ့တဲ့မေးခွန်းပေါင်း (၇၅၉)ခုအနက် ပြီးစီးတဲ့လုပ်ငန်း (၆၃၀)ခုနဲ့ မပြီးသေးတဲ့လုပ်ငန်းက (၁၂၉)ခု ရှိပါတယ်။ ဆောင်ရွက်ရန်ကျန် လုပ်ငန်း (၁၂၉)ခုမှာ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီးတော့ မပြီးစီးသေးတဲ့လုပ်ငန်း(၂၁)ခု ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် ကတိပြုထားသောလုပ်ငန်း (၅၁)ခုမှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေး နှစ်နှင့်နောက်ပိုင်းမှဆောင်ရွက်ပေးမယ့်လုပ်ငန်း(၅၇)ခုရှိပါတယ်။

ကြယ်ပွင့်မပြမေးခွန်းနဲ့ပတ်သက်လို့ Power Point မှာပြထားတဲ့အတိုင်း ဖြစ်ပါတယ်။

ကော်မတီရဲ့ စိစစ်တွေ့ရှိချက်ကိုကျွန်တော်ဆက်လက်တင်ပြမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဟာ လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြ မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားတဲ့ အဖြေများမှာ လတ်တလော ဘတ်ဂျက်နှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်းရှိသကဲ့သို့ အချို့မှာ

လာမယ့် ဘဏ္ဍာရေးနှစ်တွင် ဆက်လက် ထည့်သွင်းလျာထား ဆောင်ရွက်ရသည် များလည်းရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

လွှတ်တော်များမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကြယ်ပွင့်ပြမေးခွန်းများ၊ ကြယ်ပွင့်မပြ မေးခွန်းများ၊ အဆိုများနှင့်ပတ်သက်ပြီး နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှာ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို (၂)ပတ် တစ်ကြိမ် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

ကော်မတီအနေနဲ့ ၁၂- ၁၁- ၂၀၁၄ ရက်နေ့မှ ၁၃- ၁၁- ၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ပြီးတဲ့နောက် ကတိပြုခြင်းအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ပြီးစီးမှု အစီရင်ခံစာ ပြုစုပေးပို့ခြင်းများနှင့် ပတ်သက်၍ညှိနှိုင်း ဆွေးနွေးခဲ့ကြပါတယ်။ အစည်းအဝေး တက်ရောက်လာတဲ့သူများကလည်း ဆောင်ရွက်ရန်ကျန် လုပ်ငန်းများအနက် အချို့လုပ်ငန်းများဟာ အပြီးအပြတ် ဆောင်ရွက်ပြီးဖြစ်တယ်လို့ မသတ်မှတ်နိုင်ဘဲနဲ့ ဝန်ကြီးဌာနများရဲ့ ပုံမှန်လုပ်ငန်းများဖြစ်၍ စဉ်ဆက်မပြတ် ဆောင်ရွက်နေရတဲ့ လုပ်ငန်းများဖြစ်ကြောင်း၊ ဖော်ပြပါ လုပ်ငန်းမျိုးကို ဆောင်ရွက်ရန်ကျန်မှ ပယ်ဖျက်ပေး နိုင်ပါရန် တင်ပြဆွေးနွေးခဲ့ကြပါတယ်။ ဥပမာ အားဖြင့်ဆိုရင် ပြည်ထဲရေးဝန်ကြီးဌာန ကနေပြီးတော့ ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးခက်ထိန်နန်ရဲ့ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရများမှာ တိုင်းရင်းသား ရိုးရာစာပေနှင့် ယဉ်ကျေးမှု အဖွဲ့များအား ဖွဲ့စည်းခွင့်(လုပ်ပိုင်ခွင့်) ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုမျိုးသည် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ ဖြစ်ပါကြောင်း တင်ပြခဲ့ပါတယ်။ ကော်မတီက ဒီလိုတင်ပြခဲ့မှုအပေါ် ထိုလုပ်ငန်းမျိုးကို ဆောင်ရွက်ရန် ကျန်မှ ပယ်ဖျက် နိုင်ခြင်းမပြုဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်ရတဲ့လုပ်ငန်းလို့ မှတ်ချက်ဖြင့် ဖော်ပြပေးမည် ဖြစ်ကြောင်း ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

ဝန်ကြီးဌာနများရဲ့ တင်ပြချက်အရ လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းများကို တာဝန်ခံ ဖြေကြားရတဲ့ ဝန်ကြီးဌာနများဟာ မိမိတို့ ဝန်ကြီးဌာနက ဆောင်ရွက်ရမယ့် လုပ်ငန်းများဟာ ပြီးစီးသော်လည်းပဲ ဆက်စပ်ရတဲ့ ဝန်ကြီးဌာနများက ဆောင်ရွက်ရန် ကျန်နေတဲ့အတွက် လုပ်ငန်းများ မပြီးပြတ်သည်များရှိနေ၍ ကျန်ရှိနေသောလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ မေးခွန်းနှင့် အရေးယူဆောင်ရွက်နေမှုများကို လွှဲပြောင်းပေးပို့လာရန် တင်ပြလာကြပါတယ်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်၊ အမှတ်(၂) မဲဆန္ဒနယ်မှ ဦးကျော်ကျော်ရဲ့ မြောက်ဦးမြို့မှာ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းကို အဆင့်တိုးမြှင့်ပေးရန်၊ Tourism Promotion လုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကို အကြောင်းပြု၍ လေယာဉ်ကွင်းတစ်ခု ပြုလုပ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို နဝမပုံမှန် အစည်းအဝေးမှာ မေးမြန်းခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ခရီးသွားလုပ်ငန်းမြှင့်တင်မှု လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပြီးတော့ လေယာဉ်ကွင်းတည်ဆောက်ရေးမှာ ပို့ဆောင်ရေးဝန်ကြီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်တွင် ရန်ပုံငွေတောင်းခံပြီး ခွင့်ပြုချက်ရပါက ဆောင်ရွက်ပေးမယ်လို့ ဖြေကြားခဲ့ပါတယ်။

တာဝန်ခံဖြေကြားသူဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနအနေနဲ့ မိမိတို့ ဝန်ကြီးဌာနက ဆောင်ရွက်ရမယ့်လုပ်ငန်းများ ပြီးစီးသော်လည်းပဲ ပို့ဆောင်ရေးဝန်ကြီးဌာနက လေယာဉ်ကွင်း တည်ဆောက်ရန် ကျန်ရှိနေတဲ့အတွက်ကြောင့်မိုလို့ လုပ်ငန်းပြီးစီးမှုကို မပြနိုင်တဲ့ အတွက်ကြောင့်မိုလို့ ပို့ဆောင်ရေး ဝန်ကြီးဌာနက လုပ်ငန်းဆောင်ရွက်မှုကို တိုက်ရိုက်မေးသင့်ကြောင်း ဆွေးနွေးတင်ပြ လာပါတယ်။ ဤကော်မတီအနေနဲ့လည်း အလားတူကိစ္စရပ်များရှိသဖြင့် လုပ်ငန်း အလိုက် အမြန်ပြီးစီးနိုင်ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးနိုင်ရန်အတွက် ဆွေးနွေး ညှိနှိုင်းခဲ့ကြပါတယ်။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် များရဲ့ မေးခွန်း မေးမြန်းခြင်းအပေါ် ကတိပေးခဲ့သော်လည်းပဲ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ဘတ်ဂျက် တွင် ပါဝင်မှု မရှိခြင်း၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရများမှ ဘတ်ဂျက်လွှဲပြောင်းသုံးစွဲခြင်းနှင့် လုပ်ငန်းလွှဲပြောင်း လုပ်ဆောင်ခြင်းများ ဖြစ်ပေါ်နေသဖြင့် လွှတ်တော်ကိုယ်စားလှယ်များက ထပ်မံ၍ မေးခွန်းမေးမြန်းရခြင်း ဖြစ်သည်ကို တွေ့ရှိရပါတယ်။

ကော်မတီရဲ့ကွင်းဆင်းဆောင်ရွက်ချက်

အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဟာ အမျိုးသား စီမံကိန်းနှင့် ဖွံ့ဖြိုးမှု စီမံကိန်းများရေးရာ ကော်မတီတို့နဲ့ ပူးပေါင်းပြီးတော့ ၂၃-၁၀-၂၀၁၄ ရက် နေ့မှ ၂၆-၁၀-၂၀၁၄ ရက်နေ့အထိ ကျွန်တော်တို့ ကော်မတီက(၈)ဦးဟာ လေ့လာရေးခရီးစဉ် အဖြစ်နဲ့ မန္တလေးတိုင်းဒေသကြီး၊ ရဲရွာရေအားလျှပ်စစ်စက်ရုံ၊ ဒီးဒုတ် ရေအားလျှပ်စစ်စက်ရုံနဲ့ အထက်ရဲရွာ စီမံကိန်း၊ သဘာဝပိုဇိုလန်စက်ရုံ(ပုပ္ပါး)၊ ကြက်မောက်တောင်ဆည်၊ အမှတ်(၁) သံမဏိ စက်ရုံ (မြင်းခြံ)နှင့် ရှမ်းပြည်နယ်၊ မိုးမိတ်မှာရှိတဲ့ ရွှေလီ(၃)ရေအားလျှပ်စစ် တို့ကို ရောက်ရှိခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်မှာရှိတဲ့ တိုင်းအဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်လျက်ရှိတဲ့ တောင်သာ - ကျောက်ပန်းတောင်း ကားလမ်းပေါ်မှာရှိတဲ့ ချောင်းကူးတံတား စီမံကိန်းများ၊ မော်တော်ကားလမ်း ချဲ့ထွင်မှုများကိုလည်း ကွင်းဆင်းဆောင်ရွက်ခဲ့ပါတယ်။

နောက်ခရီးစဉ် တစ်ခုကတော့ ၁၄.၁၁.၂၀၁၄ ရက်နေ့ကနေပြီး ၁၇.၁၁.၂၀၁၄ ရက်နေ့ထိ ကော်မတီဝင်(၃)ဦးပါဝင်တဲ့ အဖွဲ့ဟာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးမှာ ရှိတဲ့ ကော်မတီနဲ့ သက်ဆိုင်တဲ့ ဝန်ကြီးဌာနများမှ တိုင်းအဆင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံ ပြီးတော့ ကော်မတီရဲ့ လုပ်ငန်းတာဝန်များကို ဆွေးနွေးခဲ့ကြပါတယ်။ စီမံကိန်းဒေသများကို လေ့လာမှု အနေနဲ့ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၊ မဲဇလီရေလွှဲဆည်နဲ့ မင်းဘူးမြို့နယ်၊ အိုင်းမ ရေလွှဲဆည်၊ ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်ရှိ တောင်နဝင်းရေလှောင်တမံ၊ နတ်တလင်း မြို့နယ်မှာရှိတဲ့ တောင်ညို ရေလှောင်တမံများနှင့် ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်မှာရှိတဲ့ သူဌေးရေအားလျှပ်စစ် စီမံကိန်းများကို ကွင်းဆင်းလေ့လာခဲ့ကြပါတယ်။

ကော်မတီ၏ သုံးသပ်ချက်

လွှတ်တော်ကိုယ်စားလှယ်များရဲ့ အချို့အဆိုများမှာ ပြည်ထောင်စုဝန်ကြီးဌာနများက ဥပဒေကြမ်းများပြုစုရေးဆွဲရခြင်း၊ ဥပဒေကြမ်းအားအဆင့်ဆင့်ညှိနှိုင်းဆောင်ရွက်နေရခြင်း၊ အချို့အဆို

များမှာ ပြည်ထောင်စုဝန်ကြီးဌာနများက လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်ရန် အခက်အခဲရှိနေခြင်းတို့နဲ့ စဥ်ဆက်မပြတ် ဆောင်ရွက်နေရသော လုပ်ငန်းများဖြစ်ခြင်းတို့ကြောင့် ဆောင်ရွက်ဆဲအဖြစ် ကျန်ရှိနေခြင်း ဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ကတိပေါ်မှုအပေါ် ပြည်ထောင်စု ဝန်ကြီးဌာနများရဲ့ ဘတ်ဂျက်တွင် ပါဝင်ပြီးဖြစ်ပါက ကော်မတီအနေဖြင့် ကတိကဝတ်ပြီးပြတ်တယ်လို့ သတ်မှတ်သွားမည် ဖြစ်ပါတယ်။ သို့သော်လည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ကတိကဝတ်ရှိခဲ့သည့် လုပ်ငန်းများကို သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ရာနှုန်းပြည့်ပြီးစီးရေး ဆောင်ရွက်သွားရမည် ဖြစ်တဲ့အပြင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း ပြည်ထောင်စုဝန်ကြီးဌာနများက ဆောင်ရွက်နေမှုနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လေ့လာစောင့်ကြည့်သွားရန်လည်း လိုအပ်မည်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနှင့် မိမိတို့မေးမြန်းချက်များအပေါ်မှာ သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများရဲ့ ကတိကဝတ်အရ သတ်မှတ်ကာလအတွင်းမှာ အရည်အသွေးကိုက်ညီစွာ ပြီးမြောက်မှု မရှိခြင်း၊ ပြီးမြောက်ပါသော်လည်း ပြည့်စုံမှု Perfect And Complete မဖြစ်ခြင်းတို့နှင့်စပ်လျဥ်းပြီးတော့ လွှတ်တော်မှာ မေးခွန်းများ ထပ်မံ မေးမြန်းခြင်းဖြင့်လည်းကောင်း၊ ဤကော်မတီသို့ ဆက်သွယ်အကြံပြု အသိပေးခြင်းဖြင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နိုင် ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ပြည်ထောင်စုဝန်ကြီးဌာနများ ကတိဖြစ်ပေါ်ခဲ့သည့် လုပ်ငန်း များအား အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုများသည် ၎င်းတို့ ကတိပြု ခဲ့သည့်အတိုင်း ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိနှင့် ပြီးစီးမှုအခြေအနေများကို အခြေအနေမှန် သိရှိနိုင်ရန်အတွက် ဤကော်မတီအနေဖြင့် အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်သွားမည် ဖြစ်ပါ သည်။

ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ ၂၈-၅-၂၀၁၄ ရက်နေ့မှ ၃၁-၇-၂၀၁၄ ရက်နေ့အထိ ကြာမြင့်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များသည်လည်း အတွေ့အကြုံ ရင့်ကျက်လာပြီဖြစ်၍ မေးခွန်းများ ပုံမှန်မေးမြန်းခြင်းနှင့် အဆိုများ ပုံမှန် တင်သွင်းခြင်းများ ပြုလုပ်လာနိုင်သည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအနေဖြင့်လည်း သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးဌာနများက ကတိကဝတ်ရှိခဲ့သည့် မေးခွန်းများ၊ အဆို များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို အပတ်စဥ် အလေးထားစိစစ်ခဲ့မှုကြောင့် ယခုအခါတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၏ လုပ်ငန်း ဆောင်ရွက် ပြီးစီးမှုများမှာ တိုးတက် ကောင်းမွန်လာကြောင်း သုံးသပ်ရရှိပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူ့တို့ရဲ့ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုသည့် လွှတ်တော်၏ ဆောင်ပုဒ်နှင့်အညီ ပိုမို တိုးတက်ကောင်းမွန်စွာ ဆောင်ရွက်လာနိုင်ပြီ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဆောင်ရွက်ချက်များသည် ပြည်သူများရဲ့ အမှန်တကယ် လိုအပ်ချက်ဖြစ်တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြန်ဆောင်ရွက်ပေးမှသာလျှင် ပြည်သူ များက လွှတ်တော်ကိုယ်စားလှယ်များကို ယုံကြည်လာမည်ဖြစ်သကဲ့သို့ လွှတ်တော်နှင့် နိုင်ငံတော် အစိုးရအပေါ် ပိုမိုယုံကြည်အားကိုးလာမည်ဖြစ်ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အားဖြင့် အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအနေဖြင့် အမျိုးသားလွှတ်တော် နည်းဥပဒေများ၏ နည်းဥပဒေ ၇၁ ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ အမျိုးသားလွှတ်တော်မှ သတ်မှတ်ပေးထားတဲ့ ကော်မတီရဲ့ လုပ်ငန်းတာဝန်များအရ လည်းကောင်း တိကျစွာလိုက်နာပြီး စိစစ် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများ နှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဦးစောသန်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)က ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစောငြိမ်းသင် ကွယ်လွန်သွားခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုတင်သွင်းခြင်းနှင့် မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောငြိမ်းသင် သည် ၂၅-၁၁-၂၀၁၄ ရက်နေ့ နံနက် ၁၀း၃၀ အချိန်တွင် ရန်ကုန်မြို့၌ ကွယ်လွန်အနိစ္စ ရောက်ခဲ့ခြင်းအတွက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောသန်းထွန်း က အထူးဝမ်းနည်းကြောင်း အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ဦးစောသန်းထွန်း အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဦးစောသန်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်မှာ ဝမ်းနည်းကြောင်း အဆိုတစ်ရပ်ကို တင်သွင်းလိုတဲ့အတွက် ခွင့်တောင်းခံခဲ့ရာ ခွင့်ပြုပေးခဲ့တဲ့ ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးတင်ရှိပါကြောင်းနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို လေးစားပါကြောင်း တင်ပြပါရစေ။ ဒီကနေ့ တင်သွင်းမယ့် ဝမ်းနည်းကြောင်း အစီရင်ခံမျိုးဟာ အခြေအနေအရ ကြိုတင်တင်ပြလို့ ရတဲ့ကိစ္စ မဟုတ်သလို ရှောင်လွဲလို့ မရတဲ့ ကိစ္စဖြစ်တဲ့အတွက် ဒီကနေ့ အရေးပေါ် တင်ပြရခြင်းပဲ ဖြစ်ပါတယ်။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောငြိမ်းသင် ဟာ ၂၅-၁၁-၂၀၁၄ ရက်နေ့ နံနက် ၁၀း၃၀ အချိန်၌ ရန်ကုန်မြို့မှာ ဘဝတစ်ပါးသို့

ပြောင်းရွှေ့ ကွယ်လွန် သွားခဲ့ကြောင်း ဝမ်းနည်းကြေကွဲဖွယ်ရာ သိရှိရပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးက ဝမ်းနည်းမဆုံး ဖြစ်ကြရတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောငြိမ်းသင် ကွယ်လွန်ခြင်းအတွက် (၁) အထူးဝမ်းနည်းကြောင်း လွှတ်တော်မှ မှတ်တမ်းတင်ရန် (၂) ဦးစောငြိမ်းသင် ကောင်းရာသုဂတိလားပါစေကြောင်း မိမိတို့ ကိုးကွယ်ရာ ဘာသာအလိုက် မေတ္တာပို့ အမျှအတမ်းဝေ ဆုတောင်းသည့် အနေဖြင့် (၂)မိနစ်မျှ ငြိမ်သက်စွာ မေတ္တာပို့ ဆုတောင်းပေးကြရန်အတွက် ဤလွှတ်တော်မှ ဆောင်ရွက်ပေးသင့်ပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား လေးစားစွာဖြင့် ဝမ်းနည်းကြေကွဲမှု အဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောသန်းထွန်း တင်သွင်းတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောငြိမ်းသင် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် အထူးဝမ်းနည်းကြောင်း အဆိုကို မှတ်တမ်းတင်ရန် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောငြိမ်းသင် ကွယ်လွန်အနိစ္စရောက်ခြင်းအတွက် အထူး ဝမ်းနည်းကြောင်း အဆိုကို မှတ်တမ်းတင်ကြောင်းနဲ့ အဆိုပါ အဆိုနှင့်စပ်လျဉ်းသည့် မှတ်တမ်းကို သပ်ရပ်စွာ ပြုစု၍ ကွယ်လွန်သူရဲ့ အမွေခံထံသို့ ပေးပို့ရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောငြိမ်းသင် သည် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်မှစ၍ ကွယ်လွန်အနိစ္စရောက်သည့် နေ့တိုင် စိတ်ဓာတ်ခိုင်မာစွာဖြင့် နိုင်ငံတော်နှင့် ပြည်သူများအပေါ် တာဝန်ကျေပွန်မှုများအတွက် အမျိုးသားလွှတ်တော်က ဂုဏ်ပြုတဲ့ အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များက (၂)မိနစ် မတ်တတ်ရပ်၍ ငြိမ်သက်ဖို့ ဖြစ်ပါတယ်။ အခမ်းအနားမှူးက အချိန်ကို ကြည့်ပေးဖို့ ဖြစ်ပါတယ်။ ယခု အားလုံးမတ်တတ်ရပ်ကြပါ။

အားလုံးထိုင်နိုင်ပါပြီ။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတစ်ယောက် ကွယ်လွန်ခဲ့ပါက အမျိုးသားလွှတ်တော်က လူမှုရေးအရ တစ်နေ့တာ နေ့တွက်စရိတ်ကို စုပေါင်းကူညီထောက်ပံ့ရန် လွှတ်တော်ရဲ့ အတည်ပြုချက် ရယူထားပြီးဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များရဲ့ တစ်နေ့တာ နေ့တွက်စရိတ် ကူညီထောက်ပံ့ငွေကို မိသားစုထံ ပေးပို့သွားမှာ ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၃၅) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၃၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၄၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၆) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၅)ရက်မြောက် နေ့ကို ၁၁း၄၈ နာရီအချိန်တွင် ရပ်နားပါသည်။]